mgyoe.com

# ထူးဆန်းသော အမြွှာညီနောင်နှင့်

## လက်ရွေးစင်ပုံပြင်များ

မောင်မြင့်ကြည်(စာပေဗိမာန်)



မိုးခွင်းကြယ်
စုံပြင်

ဒုတိယအကြိမ်

mgyoe.com

mgyoe.com




# ထူးဆန်းသော အမြွှာညီနောင်နှင့်

## လက်ရွေးစင်ပုံပြင်များ

မောင်မြင့်ကြည်(စာပေဝိဟာရ)

MMK0006

1,200.00 KS

mgyoe.com

ထုတ်ဝေသူ - ဒေါ်အိဝတ်ရည်ထွန်း၊
ဂျူတီစာပေ၊ (၀၂၀၇၇)၊ ဓမ္မာရုံလမ်း၊ လှိုင်၊ ရန်ကုန်။
ပုံနှိပ်သူ - ဦးစန်းဦး၊
SKCC PRESS (၀၀၄၁၃)၊ မဟိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဇူလိုင်လ၊
ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊

၁၂၀၀ ကျပ်

mgyoe.com

mgyoe.com

# ထူးဆန်းသော
# အမှာညှိနောင်နှင့်
# လက်ရွေးစင်ပုံပြင်များ

မောင်မြင့်ကြည်(တာပေပမိမာန်)

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## အမှာစကား

ဘယ်နိုင်ငံမှာပဲဖြစ်ဖြစ် ကလေးသူငယ်တွေအတွက် ပုံပြင်တွေကို ရေးသားလေ့ရှိကြတယ်။ ကလေးတွေဟာ ပုံပြင်ဖတ်ရင်းနဲ့ သတ္တိတွေ၊ စွမ်းအားတွေ၊ စိတ်ကူးဉာဏ်တွေ၊ အတွေးအခေါ်တွေ၊ ဘဝရည်ရွယ်ချက်တွေရအောင်ရေးသားဖို့ စာရေးသူတွေမှာ တာဝန်ရှိတယ်လို့ ထင်ပါတယ်။

ကလေးငယ်တွေဟာ တိရစ္ဆာန်လေးတွေ၊ ထူးဆန်းတဲ့ ဖြစ်ရပ်လေးတွေကို စိတ်ဝင်စားတတ်တယ်။ သည်ပုံပြင်တွေထဲကနေပြီး စိတ်ကောင်း၊ နှလုံးကောင်းရှိတဲ့သူတွေကိုလည်း အတုခိုးတတ်ကြပါတယ်။ ကလေးတစ်ယောက်ကို ပုံပြင် ပြောပြကြည့်တဲ့အခါ သည်ကလေးငယ်က ပုံပြင်ထဲက မတရားပြုသူ၊ ရက်စက်သူတွေကို မုန်းပြီး စိတ်သဘောထားကောင်းတဲ့သူ၊ စွမ်းအားရှိတဲ့သူတွေကို ချစ်တတ်တယ်ဆိုတာ ထင်ရှားသိသာပါတယ်။

အဓိကကတော့ ပုံပြင်ဖတ်ပြီးတဲ့အခါ ကလေးရဲ့စိတ်ထဲမှာ ကျန်ခဲ့ရမယ့် သဘောတရားကကောင်းဖို့၊ မှန်ဖို့လိုပါမယ်။ ဒါမှ

mgyoe.com

mgyoe.com



ဘယ်ကလေးပဲဖတ်ဖတ် ဖတ်ရတဲ့ကလေးအတွက် လက်တွေ့ထင်ရှားတဲ့ အကျိုးရှိမှာဖြစ်ပါတယ်။ ကျွန်တော် အဲသည်လို တွေးပြီးတော့ ပုံပြင်များကို ရေးဖွဲ့ပါတယ်။

ကလေးတိုင်းရဲ့ ဘဝတာဖြောင့်ဖြူးပြီး အောင်မြင်ထွန်းကားတဲ့သူတွေ ဖြစ်ကြပါစေ။ ။

မောင်မြင့်ကြည် (စာပေဗိမာန်)

□

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# စိတ်ကောင်းရှိတဲ့ မောင်စန္ဒာ

ဟိုးရှေးရှေးတုန်းက ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးတစ်ဦးမှာ သားသုံးယောက်ရှိသတဲ့။ အဲဒီသူဌေးကြီး အသက်အရွယ် ကြီးရင့်လာသော် သားသုံးယောက်ကို မြေတစ်ကွက်နှင့် မြင်းတစ်ကောင်စီ အမွေခွဲပေးသတဲ့။ သားအကြီးဆုံး မောင်ဝဏ္ဏက မြင်းဖြူကြီးတစ်ကောင်နဲ့ အင်မတန်ကျယ်ပြန့်တဲ့ လယ်ကွက်ကြီးတစ်ကွက်ကို အမွေရလိုက်တယ်။ သားလတ် မောင်သီဟကတော့ ထွားကျိုင်းတဲ့ မြင်းညိုကြီးတစ်ကောင်နဲ့ ယာခင်းတစ်ခင်းကို ရသတဲ့။ အဲ... သားအငယ်ဆုံး မောင်စန္ဒာလေးရဲ့အလှည့် ရောက်တဲ့အခါကျတော့ သူဌေးကြီးဟာ အလျှုအတန်းပြုလုပ်တာရယ် သားအကြီးတွေကို လယ်မြေယာမြေတွေ ပေးခဲ့တာရယ်ကြောင့် ပေးစရာမြေ မရှိတော့ဘူးတဲ့။

"ငါ့သားရယ်... မင်းအလှည့်ရောက်တော့မှ အဖေ့မှာ ပေးစရာလယ်ယာတော့ မရှိတော့ဘူး၊ အဲဒီတော့ ဟော ဟိုက မြင်းဇောင်းနဲ့ မြင်းအိုမကြီးကမွေးတဲ့ မြင်းပေါက်စလေးကိုသာ ယူပေ

mgyoe.com

mgyoe.com

တော့"

မောင်စန္ဒာလေးဟာ သူ့အတွက် အမွေရတဲ့ မြင်းဖောင်းကို ဝမ်းသာအားရယူသတဲ့။ ပြီးတော့ ညစ်ပတ်ပေရေနေတဲ့ မြင်းဖောင်းကိုလည်း သန့်ရှင်းစင်ကြယ်အောင် ရေနဲ့ဆေးကြောပြီးတော့ ပြုပြင်စရာရှိတာတွေကို ပြုပြင်လိုက်တာပေါ့။

သည်လို ပြုပြင်လိုက်တော့ အိုမင်းဟောင်းနွမ်းနေတဲ့ မြင်းဖောင်းဟာ နေချင်ထိုင်ချင်စရာ ဖြစ်လာတယ်။ ဒါပေမဲ့ သူ့အတွက် အမွေရလာတဲ့ မြင်းကလေးကတော့ တော်တော့်ကို စိတ်ပျက်စရာကောင်းသတဲ့။ သူ့အစ်ကိုကြီးရတဲ့မြင်းက အင်မတန် ကျက်သရေရှိတဲ့ မြင်းဖြူကြီးဖြစ်သလို သူ့အစ်ကိုလတ် မောင်သီဟရတဲ့ မြင်းကလည်း သန်မာထွားကျိုင်းတဲ့ မြင်းညိုကြီးမဟုတ်လား။

မောင်စန္ဒာရတဲ့ မြင်းကလေးကတော့ အမွေးအရောင်က အနက်ရောင်ဖြစ်နေပြီး ပိန်လိုက်တာကလည်း အရိုးပေါ်အရေတင်နေသတဲ့။ ဒီမြင်းကလေးဟာ ပိန်လွန်းလို့ အသက်မှ ရှင်ပါ့မလားလို့ မောင်စန္ဒာက ထင်မိသေးသတဲ့။ မောင်စန္ဒာဟာ မြင်းပိန်လေးရဲ့အမွေးကို ပွတ်ပြီးတော့ အစားအစာကို ချော့ပြီး ကျွေးရသတဲ့။

သည်လိုနဲ့ ကျန်းမာရေးမကောင်းလို့ ဖျားနာနေဟန်တူတဲ့ မြင်းပိန်လေးဟာ ခုနစ်ရက်လောက်ကြာတဲ့အခါ ထူနိုင်ထနိုင်ဖြစ်လာပြီး လမ်းလျှောက်စပြုလာတယ်။ မောင်စန္ဒာဟာ အရမ်းဝမ်းသာသွားတယ်။

"အဖေ၊ ကျွန်တော့်မြင်းကလေး ထနိုင်လာပြီ၊ လမ်းလျှောက်နိုင်လာပြီ" လို့ သူ့ဖခင်ကြီးကိုလည်း ဝမ်းသာအားရ သွားပြောသတဲ့။

mgyoe.com

mgyoe.com


သည်လို မောင်စန္ဒာကလေးက ဝမ်းသာအားရပြောပြတဲ့ အချိန်မှာ ဖခင်ကြီးဟာ စိတ်မကောင်းလို့ မျက်ရည်တောင် ဝဲမိသတဲ့။ သည်လိုနဲ့ ဖခင်ကြီးဟာ တစ်နေ့တခြား အသက်ကလည်းကြီး၊ ရောဂါကလည်းရှိတာနဲ့ မောင်စန္ဒာက ဆေးတိုက်ပြီး ပြုစုလုပ်ကျွေးနေတဲ့ကြားထဲက ကွယ်လွန်သွားတော့တယ်။

ဖခင်ကြီးကွယ်လွန်တာနဲ့ မောင်ဝဏ္ဏနဲ့ မောင်သီဟတို့ဟာ သူဌေးကြီးနေတဲ့အိမ်ကို ရောက်လာတယ်။ သူတို့ဟာ ရွှေ၊ ငွေ၊ ရတနာတွေကိုဝတ်ဆင်ပြီး ကိုယ်ပိုင်မြင်းတွေကို ခံ့ခံ့ညားညား စီးလာခဲ့ကြတယ်။ မောင်စန္ဒာက အိမ်ပေါက်ဝကနေ ခရီးဦးကြိုပြုပေမဲ့ သူ့အစ်ကိုနှစ်ယောက်ကတော့ အဖက်မလုပ်ကြဘဲ အိမ်ထဲကိုသာ ဝင်သွားကြသတဲ့။

အစ်ကိုနှစ်ယောက်ဟာ သူတို့အဖေ ဆုံးပြီးတဲ့နောက် ရှိတဲ့ အိမ်နဲ့ မြင်းဇောင်းကိုပါ အပိုင်သိမ်းယူဖို့အတွက် ရောက်လာကြတာပေါ့။ မောင်စန္ဒာကတော့ သူ့အစ်ကိုနှစ်ယောက်က သူ့ကို စကားမပြောလို့ မြင်းဇောင်းထဲမှာ သွားပြီး ငိုနေသတဲ့။ မောင်စန္ဒာလေးငိုနေတော့ မြင်းနက်ကလေးက မောင်စန္ဒာလေးရဲ့ရင်ဘတ်ကို ခေါင်းနဲ့ဖွေ့ပြီးတော့ မျက်ရည်ကျနေသတဲ့။

သိပ်မကြာလှပါဘူး၊ မြင်းဇောင်းရှိတဲ့နေရာကို အစ်ကိုကြီး မောင်ဝဏ္ဏနဲ့ အစ်ကိုလတ် မောင်သီဟတို့ ရောက်လာကြတယ်။ ရောက်တာနဲ့ မောင်ဝဏ္ဏက မောင်စန္ဒာလေးကို မြင်းဇောင်းထဲကနေ အပြင်ထွက်ဖို့ပြောသတဲ့။ မောင်စန္ဒာလေးက သူ့မြင်းနက်ကလေးကိုခေါ်ပြီး အပြင်ထွက်လာသတဲ့။

"ဒီနေ့ကစပြီး မင်း ဒီအိမ်မှာ နေဖို့မလိုတော့ဘူး၊ မင်း အမွေ

mgyoe.com

ရထားတဲ့ ဒီမြင်းကိုပါခေါ်ပြီး မင်းသွားချင်တဲ့နေရာကို သွားပေတော့"

အစ်ကိုကြီးမောင်ဝဏ္ဏရဲ့စကားကြောင့် မောင်စန္ဒာလေးဟာ ငိုပြီး တောင်းပန်ရှာတယ်။

"ကျွန်တော် ဒီမှာမနေရရင် ဘယ်မှာသွားနေရမှာလဲခင်ဗျာ၊ ကျွန်တော်ဟာ အစ်ကိုကြီးတို့ရဲ့ ညီအငယ်ဆုံးပါ။ ကျွန်တော် ဒီမြင်းဇောင်းကလေးမှာတော့ နေပါရစေ"

မောင်စန္ဒာရဲ့စကားကို မောင်ဝဏ္ဏက လက်မခံဘူးတဲ့။

"ဒီမြင်းဇောင်းက တို့နှစ်ယောက်ရဲ့မြင်းတွေကို ထားရမှာကွ၊ ဒီတော့ မင်းမြင်းစုတ်ကိုပါခေါ်ပြီး ထွက်သွားတာ အကောင်းဆုံးပဲ"

ရက်ရက်စက်စက် မောင်ဝဏ္ဏက နှင်ချနေတော့ မောင်စန္ဒာလေးဟာ မြင်းနက်ကလေးကိုခေါ်ပြီးတော့ အိမ်ဝင်းထဲက ထွက်လာခဲ့သတဲ့။ လမ်းပေါ်ရောက်တော့ မြင်းနက်ကလေးကို မောင်စန္ဒာက ပြောသတဲ့။

"ကဲ... မြင်းနက်လေး၊ မင်းလည်း သွားချင်တဲ့နေရာကိုသာ သွားပေတော့။ မင်းကို ကျွေးမွေးနိုင်ဖို့မပြောနဲ့ ငါကိုယ်တိုင်တောင် နေစရာ၊ စားစရာ မရှိတော့ဘူး။ ဒီတော့ မင်းကို ကျွေးမွေးနိုင်တဲ့ သခင်တစ်ယောက်ဆီမှာ သွားနေပေတော့"

မြင်းနက်ကလေးကို မောင်စန္ဒာကပြောလိုက်ပြီး ခြေဦးတည့်ရာကို ထွက်လာခဲ့တယ်။ သူဟာ တစ်ယောက်တည်း မျက်ရည်တတွေတွေကျရင်း လျှောက်လာလိုက်တာ နောက်ဆုံးမှာတော့ တောနက်ကြီးထဲကို ရောက်လာသတဲ့။ တောထဲကို ရောက်လာတော့ စိတ်ကြည်လင်သွားတယ်။ တောထဲမှာက ပန်းရနံ့တွေ မျှ

mgyoe.com
သင်းနေပြီးတော့ အင်မတန်လှပတဲ့ ကျေးငှက်ကလေးတွေဟာလည်း ပျံဝဲနေသတဲ့။ စိမ်းညိုအုံ့မှိုင်းတဲ့ သစ်ပင်ကြီးတွေပေါ်မှာ မျောက်လွှဲကျော်တွေကလည်း ဟိုဟိုသည်သည် ကူးသန်းသွားလာနေတာကို တွေ့မြင်ရတယ်။

စမ်းချောင်းလေးတစ်ခုကိုရောက်တော့ အင်မတန်မှ ရေဟာ ကြည်လင်နေပြီးတော့ ရေအောက်က ကူးခတ်နေတဲ့ ငါးကလေးတွေတောင် တွေ့မြင်နေရသတဲ့။ ဒါနဲ့ မောင်စန္ဒာဟာ သည်စမ်းချောင်းလေးထဲကိုဆင်းပြီး ရေသောက်လိုက်တာ မောဟိုက်ပင်ပန်းတဲ့စိတ်တွေတောင် ပျောက်သွားသတဲ့။

ရေသောက်ပြီးတော့ စမ်းချောင်းလေးဟာ ဘယ်ကလာတာပါလိမ့်ဆိုပြီး သိချင်တာနဲ့ စမ်းချောင်းလေး စီးကျလာတဲ့ဘက်ကို လျှောက်လာခဲ့တယ်။ တစ်နေရာကိုရောက်တော့ မြင့်မားတဲ့ ရေတံခွန်ကြီးတစ်ခုကို တွေ့သတဲ့။ စမ်းချောင်းလေးဟာ အဲဒီရေတံခွန်ကြီးရဲ့ နေရာကနေ စပြီးတော့ စီးကျလာတာပဲပေါ့ကွယ်။

ရေတံခွန်ကြီးရဲ့အောက်မှာတော့ ကြီးမားတဲ့လိုဏ်ဂူကြီးတစ်ခုကို တွေ့ရသတဲ့။ ဒါနဲ့ မောင်စန္ဒာဟာ အဲသည်ဂူထဲကို ဝင်ပြီးတော့ ခဏလှဲလိုက်တာ အိပ်ပျော်သွားတော့သတဲ့ကွယ်။ သူ အိပ်ရာက နိုးတဲ့အခါကျတော့ သူ့ကို မျက်ရည်တွေကျပြီး စိုက်ကြည့်နေတဲ့ မြင်းနက်ကလေးကို တွေ့လိုက်ရသတဲ့။

ပြီးတော့ မြင်းနက်ကလေးဟာ တောထဲက ပန်းသီးတွေ၊ ငှက်ပျောသီးတွေကိုလည်း ပါးစပ်နဲ့ ကိုက်ချီလာပြီးတော့ မောင်စန္ဒာလေးရဲ့ ခေါင်းရင်းမှာ ချထားတာကို တွေ့လိုက်ရတယ်။

မောင်စန္ဒာလေးဟာ မြင်းနက်လေးရဲ့ဇက်ကို ဖက်ထားလိုက်
mgyoe.com

မိတာပေါ့ကွယ်။

"မင်းကို ငါ့ဘယ်တော့မှ ခွဲမသွားတော့ပါဘူးနော်၊ မင်း တကယ်လိမ္မာတဲ့ မြင်းနက်ကလေးပါပဲကွယ်"

မောင်စန္ဒာက မြင်းနက်လေးရဲ့ ကျောကိုပွတ်ပြီး ပြောလိုက်တဲ့အခါကျတော့ မြင်းနက်ကလေးက နားလည်တဲ့သဘောနဲ့ ကျယ်ကျယ်လောင်လောင် ဟီလိုက်သတဲ့။

သည်လိုနဲ့ မောင်စန္ဒာဟာ ရေတံခွန်ကြီးအောက်က ကျောက်ဂူထဲမှာ နေစရာရသွားတယ်။ သူဟာ သစ်ပင်သစ်ကိုင်းတွေကို ချိုးယူပြီးတော့ နေထိုင်လို့ရအောင် အိပ်ရာတွေ၊ တံခါးတွေ၊ ထိုင်စရာတွေ လုပ်လိုက်တယ်။

ပြီးတော့ တောထဲမှာ သစ်သီးသစ်ဥတွေကိုရှာလိုက်၊ ချောင်းထဲက ငါးတွေကို ဖမ်းလိုက်နဲ့ သူနဲ့ မြင်းကလေးတို့အတွက် စားလို့ရအောင် ရှာဖွေတတ်လာသတဲ့။ သားကောင်ငယ်လေးတွေကိုလည်း မောင်စန္ဒာဟာ ထောင်ပြီး ဖမ်းလာတတ်တယ်။

တစ်နေ့ မောင်စန္ဒာ တောထဲကို သွားတုန်းမှာ တောပစ်မုဆိုးတွေရဲ့လက်ချက်ကြောင့် မျောက်မကြီးတစ်ကောင် သေသွားလို့ မျောက်ပေါက်စလေးဟာ မသွားတတ်မလာတတ် ဖြစ်နေတာကို တွေ့တာနဲ့ သူနေတဲ့ဂူထဲကို ခေါ်လာခဲ့သတဲ့။ အဲသည် မျောက်ကလေးကို မောင်စန္ဒာက 'ဖိုးညို' လို့ နာမည်ပေးထားလိုက်တယ်။ ဖိုးညိုဟာလည်း မောင်စန္ဒာပြောတဲ့စကားကို နားလည်ပြီး နားထောင်တတ်လာတယ်။

သည်လိုနဲ့ တောထဲက ကျောက်ဂူထဲမှာ မောင်စန္ဒာ နေလာလိုက်တာ သုံးနှစ်ကျော်လောက် ကြာလာတဲ့အခါကျတော့ တောထဲ

mgyoe.com

mgyoe.com

မှာ မျောက်တစ်ကောင်လို၊ ကျားတစ်ကောင်လို မောင်စန္ဒာဟာ တော်ကျွမ်းလာတယ်။ သစ်ပင်တွေ၊ နွယ်ပင်တွေကို တက်တဲ့နေရာမှာလည်း ဖိုးညိုနဲ့ကစားရင်း မောင်စန္ဒာဟာ လျှင်လျှင်မြန်မြန်နဲ့ တစ်ပင်ကတစ်ပင် ကူးနိုင်လို့ ဖိုးညိုပြေးတာကိုတောင် သစ်ပင်ပေါ်မှာ မီအောင် လိုက်ဖမ်းနိုင်သတဲ့။

အပြေးမှာလည်း မြင်းနက်ကလေးနဲ့ မကြာခဏ အပြေးပြိုင်လေ့ရှိတာမို့ မောင်စန္ဒာဟာ မြင်းတစ်ကောင်လို မြေပြင်မှာ ပြေးနိုင်လာတော့တာပေါ့။ မညီညာတဲ့ ကျောက်ခဲတွေ၊ သစ်ငုတ်တွေကြားမှာ ပြေးလေ့ရှိတဲ့ မောင်စန္ဒာဟာ သာမန်လူတစ်ယောက်နဲ့ မတူအောင်ကို ကျန်းမာသန်စွမ်းလာတော့တာပေါ့ကွယ်။

အဲ... တစ်နေ့ နေဝင်ရီတရောအချိန်မှာတော့ မောင်စန္ဒာဟာ မိန်းကလေးတစ်ယောက်ရဲ့ငိုသံကို ကြားလိုက်ရသတဲ့။ ဒါနဲ့ ဖိုးညိုကို ဘယ်ကအသံလဲ သွားရှာစမ်းလို့ မောင်စန္ဒာက အရှာခိုင်းလိုက်တယ်။

ဖိုးညိုဟာ သစ်ပင်တစ်ပင်ကတစ်ပင် ကူးပြီးတော့ ထွက်သွားတယ်။ ရေတစ်ခွက်သောက်လောက် အချိန်ကြာတဲ့အခါမှာ ဖိုးညိုဟာ မောင်စန္ဒာရှိရာကို ပြန်ရောက်လာပြီး သတင်းပို့သတဲ့။

"ကွီ... ကွီ... ကွ... ကွ... ကွ"

ဖိုးညိုက လက်ကားရားခြေကားရား စကားနဲ့ပြောတာကို မောင်စန္ဒာက နားလည်သတဲ့။

ဒါဟာ အင်မတန် အရေးကြီးတယ်ဆိုတဲ့ အဓိပ္ပာယ်ပဲလို့ မောင်စန္ဒာက သိသတဲ့။ ဒါနဲ့ ဖိုးညိုလမ်းပြတဲ့နေရာကို မောင်စန္ဒာက နောက်က လိုက်လာခဲ့တာပေါ့။ မောင်စန္ဒာနေတဲ့ လိုဏ်ဂူကနေ

mgyoe.com

တစ်ခေါ်လောက်သွားတဲ့အခါမှာ တောင်ကြားလမ်းတစ်ခုရှိတယ်။ အဲသည် တောင်ကြားလမ်းဟာ အပေါ်က တောင်တစ်ခုက အုပ်ပြီး မိုးထားတော့ အဆောက်အအုံတစ်ခုလို ဖြစ်နေတယ်။

ဒါကြောင့် အဲသည်နေရာကို တောလိုက်မုဆိုးတွေဟာ နားလေ့ရှိကြတယ်။ အစားအသောက်ချက်စားတဲ့ ဖိုခုံလောက်တွေ၊ ထင်းတွေကိုလည်း မကြာခဏ အဲသည်နေရာမှာ တွေ့ရလေ့ရှိတယ်။

အဲသည်တောင်ကြားထဲမှာ မိန်းကလေးတစ်ယောက်ကို ကြိုးတုပ်ပြီးတော့ ထွားကျိုင်းသန်မာတဲ့ ယောကျ်ားကြီးသုံးယောက်က မီးပုံတစ်ပုံဖိုပြီး စားသောက်စရာတွေချက်ဖို့ ပြင်ဆင်နေတာကို တွေ့ရတယ်။ သည်လူတွေရဲ့မျက်နှာကို ကြည့်ရတာ ခက်ထန်ကြမ်းတမ်းပြီး အရုပ်ဆိုးလှတာမို့ သူခိုးဓားပြတွေနဲ့ တူနေသတဲ့။ ဖမ်းပြီး ကြိုးနဲ့ချည်ထားတဲ့ မိန်းကလေးကတော့ အင်မတန် နုနယ်သိမ်မွေ့ပြီး မျက်နှာကလေးကလည်း ဘယ်သူနဲ့မျှ မတူအောင်ကို ချောမောလှပသတဲ့။

လူကြီးသုံးယောက်ကို တွေ့မိချိန်မှာ မောင်စန္ဒာဟာ ဒေါသထွက်ပြီး မုန်းမိသလောက် အဖမ်းခံနေရတဲ့ မိန်းကလေးကို မြင်ရတော့ ချောလွန်းလို့ နတ်သမီးလေးလားလို့ ထင်ပြီးတော့ မျက်လုံးမခွာနိုင်ဘဲ ဖြစ်ရသတဲ့။

"ကွီ... ကွ"

မောင်စန္ဒာ မင်းသမီးလေးကိုငေးပြီး ဘယ်လောက်ကြာနေလဲမသိဘူး။ ဖိုးညိုက မောင်စန္ဒာပေါင်ကို လက်နဲ့ပုတ်ပြီး သတိပေးလိုက်တော့မှ လူကြီးသုံးယောက် သူတို့ရှိရာဘက် ထလာတာကို

mgyoe.com

တွေ့လိုက်ရသတဲ့။

ပြီးတော့ အဲသည်သုံးယောက်ဟာ မောင်စန္ဒာတို့ တက်နေတဲ့ သစ်ပင်အောက်မှာ လာထိုင်တယ်။ သူတို့ဟာ အထုပ်တစ်ထုပ်ယူလာပြီး မြေကြီးပေါ်ကို ချလိုက်ကြတယ်။

သစ်ပင်ပေါ်ကနေ ပုန်းပြီးကြည့်နေတဲ့ မောင်စန္ဒာနဲ့ မျောက်ကလေး ဖိုးညိုတို့ဟာလည်း အသံမထွက်ရဲတော့ဘူးပေါ့ကွယ်။ အဲသည်အချိန်မှာ သစ်ပင်အောက်က လူကြီးသုံးယောက်ထဲက ကိုယ်ခန္ဓာ ဝဝဖိုင့်ဖိုင့်လူကြီးက အထုပ်ကြီးရဲ့ကြိုးကို ဖြေပြီးတော့ မြေကြီးပေါ် ဖွင့်ချလိုက်တယ်။ ပြောင်လက်တောက်ပတဲ့ ရွှေ၊ ငွေ၊ ရတနာတွေဟာ မြေကြီးပေါ်မှာ လက်လက်ထနေပြီးနေတာကို တွေ့လိုက်ရသတဲ့။

ပြီးတော့ အဲသည်ရတနာတွေကို သုံးစုခွဲပြီးတော့ အပုံပုံလိုက်တယ်။ သည်အထဲမှာ ပတ္တမြားလက်ကောက်တွေ၊ စိန်သရဖူတွေ၊ ရွှေအတိပြီးတဲ့ ကွမ်းကလပ်တွေပါ တွေ့ရတာကြောင့် ဒါတွေဟာ တိုင်းပြည်တစ်ခုက ဘုရင်ကြီးတစ်ပါးပါးရဲ့ နန်းစဉ်ရတနာတွေ ဖြစ်နိုင်တယ်ဆိုတာကို မောင်စန္ဒာကလေးက တွေးတောမိလိုက်သတဲ့။ သည်လိုနဲ့ သူတို့ဟာ ရတနာတွေကိုလည်း ခွဲပြီးရော မိန်းမချောလေးကို ကြိုးချည်ထားတဲ့နေရာကို ပြန်သွားကြတယ်။ သည်အချိန်မှာ ခေါင်းဆောင်လူဝကြီးက ကျန်တဲ့နှစ်ယောက်ကို ပြောသံကြားရတယ်။

"ကဲ… မင်းတို့ ဝေစုရပြီဆိုရင် သွားချင်တဲ့နေရာကို သွားကြပေတော့။ ငါကတော့ ဒီ သီရိမင်္ဂလာ မင်းသမီးလေးကို သိမ်းပိုက်ရမှာပဲ"

mgyoe.com

mgyoe.com


ခေါင်းဆောင်လူဝကြီးက ခက်ထန်တဲ့အသံနဲ့ ပြောပေမဲ့ ကျန်တဲ့လူနှစ်ယောက်က မထွက်ခွာသေးဘဲ မကျေနပ်တဲ့ မျက်နှာတွေနဲ့ ကြည့်နေကြသတဲ့။

"ဒီလို မတရား မလုပ်သင့်ပါဘူးဗျာ။ ကျွန်တော်တို့ဟာ ဘုရင်ကြီးရဲ့ နန်းတော်ထဲကို အတူတူ စွန့်စားပြီး ဝင်ခဲ့ကြတာပါ။ ဒီလို ရလာတဲ့ ဝေစုကိုလည်း ဘာပဲဖြစ်ဖြစ် အညီအမျှ အတူတူ ဝေပြီး ယူသင့်ပါတယ်"

ငယ်သားနှစ်ယောက်ထဲက ပိန်ပိန်ရှည်ရှည် စုတ်ချွန်းချွန်း မျက်နှာရှိတဲ့ ကိုစုတ်ချွန်းရဲ့စကားကို ခေါင်းဆောင်လူဝက လက်မခံချင်ပေမဲ့ နှစ်ယောက်နဲ့တစ်ယောက်ဖြစ်နေတော့ အလျှော့ပေးလိုက်ရသတဲ့။

"ကဲ... ဒါဖြင့်ရင် မင်းတို့က မင်းသမီးလေးရဲ့ကိုယ်ပေါ်က ရတနာတွေကိုချွတ်ပြီး နှစ်ယောက်ခွဲယူ၊ ငါကတော့ မင်းသမီးလေး ကိုပဲ သိမ်းပိုက်ရမယ်"

ခေါင်းဆောင်ကိုလူဝရဲ့စကားကို ကိုစုတ်ချွန်းနဲ့ ကိုပုတို့က သဘောတူလိုက်ကြသတဲ့။ ဒီစကားလည်းကြားရော မင်းသမီးလေးဟာ သည်သူခိုးကြီး ကိုလူဝရဲ့ သိမ်းပိုက်တာကို ခံရတော့မှာပဲလို့ သိလိုက်ရတာနဲ့ ထိတ်လန့်လွန်းလို့ ငိုနေရာက မေ့လဲကျသွားတယ်။

ကိုလူဝရဲ့ တပည့်နှစ်ယောက်က မင်းသမီးလေးရဲ့ လက်စွပ်၊ နားတောင်း၊ လက်ကောက်၊ ခြေကျင်းတွေကို ချွတ်ယူဖို့အတွက် သူတို့လက်ထဲမှာ ကိုင်ထားတဲ့ နန်းစဉ်ရတနာထုပ်တွေကို မီးပုံကြီးရဲ့ ဘေးနားမှာ ချထားလိုက်ကြတယ်။ ပြီးတော့ မင်းသမီးလေးရဲ့

mgyoe.com

mgyoe.com


အနားကို တိုးကပ်သွားကြတယ်။

သည်အချိန်မှာ သစ်ပင်ပေါ်ကနေ အခြေအနေကို ချောင်းကြည့်နေတဲ့ မောင်စန္ဒာလေးဟာ မျောက်ကလေးဖိုးညိုကို အချက်ပေးလိုက်တယ်။ မျောက်ကလေးဖိုးညိုကလည်း သူ့သခင်ရဲ့ ခိုင်းစေတာကို နားလည်တာနဲ့ သစ်ပင်ပေါ်ကနေ လွှားခနဲ ခုန်ချသွားတယ်။

မီးပုံဘေးမှာချထားတဲ့ ရတနာထုပ်သုံးထုပ်ကို မျောက်ကလေးဖိုးညိုက ကောက်ယူလိုက်ပြီးတော့ သူယူတာကို သူခိုးသုံးယောက်သိအောင် အချက်ပေးလိုက်သေးတယ်။

"ကွီ... ကွီ"

"ဟဲ့... မျောက်၊ ဟာ... မျောက်က တို့ရဲ့ ရတနာတွေကို ယူသွားပြီ၊ လိုက်... လိုက်"

သူခိုးကြီးသုံးယောက်ဟာ မျောက်ဖိုးညိုရဲ့နောက်ကို လိုက်ကြတယ်။ မျောက်ဖိုးညိုက သစ်ပင်ပေါ်ကနေ တစ်ပင်နဲ့တစ်ပင် ကူးပြီးတော့ လိုက်လို့မိရုံ ကိုယ်ယောင်ပြပြီး ပြေးသတဲ့။

တောကျွမ်းတဲ့မျောက်ကလေး တောထဲကို မျက်စိလည်အောင် ပတ်ပြီးပြေးတယ်။ သူခိုးသုံးယောက်ကလည်း ရတနာတွေကို လိုချင်တဲ့လောဘနဲ့ လိုက်ကြတာပေါ့။

သည်အချိန်မှာတော့ မောင်စန္ဒာဟာ သစ်ပင်ပေါ်ကနေ လွှားခနဲ ခုန်ဆင်းပြီးတော့ သတိမေ့နေတဲ့ သီရိမင်္ဂလာမင်းသမီးလေးကို ကြိုးတွေဖြေပေးပြီး ပခုံးပေါ်ကို ထမ်းလိုက်တယ်။ ပြီးတော့ မျောက်တစ်ကောင်လိုပဲ သစ်ပင်တွေပေါ်ကနေ မင်းသမီးလေးကို ထမ်းပြီး လွှားခနဲ လွှားခနဲ ခုန်သွားတာဟာ တစ်ခဏအတွင်း သူတို့နေထိုင်

mgyoe.com

mgyoe.com

တဲ့ ရေတံခွန်အောက်က လိုဏ်ဂူကြီးထဲကို ရောက်သွားပါရောတဲ့ ကွယ်။

သည်တော့ ကတ္တီပါလို နူးညံ့တဲ့သစ်ရွက်တွေနဲ့ ခင်းထားတဲ့ အိပ်ရာလေးပေါ်မှာ မင်းသမီးလေးကို ချလိုက်တယ်။ ပြီးတော့ မင်းသမီးလေးရဲ့ မျက်နှာပေါ်ကို စမ်းရေအေးလေးတွေနဲ့ ပက်ဖျန်း ပေးလိုက်သတဲ့။

မင်းသမီးလေးဟာ မေ့နေရာကနေပြီး သတိရလာလို့ တောက်ပတဲ့ မျက်လုံးလေးတွေကို ဖွင့်ကြည့်သတဲ့။ လိုဏ်ဂူရဲ့နံရံမှာ သစ်ပင်ကရတဲ့အမွှေးဆီတွေနဲ့ ထွန်းညှိထားတဲ့ မီးရောင်ကြောင့် မောင်စန္ဒာရဲ့ မျက်နှာကို တွေ့လိုက်ရတယ်။ မင်းသမီးလေးဟာ ထိတ်လန့်ပြီး အိပ်ရာပေါ်မှာ ထထိုင်လိုက်ပါရောတဲ့။

"ဟင်... ကျွန်မ ဘယ်ကိုရောက်နေတာလဲ"

မောင်စန္ဒာက မင်းသမီးလေးကို သူကယ်တင်ခဲ့ပုံ၊ သူခိုးသုံးယောက်ကို မျောက်ဖိုးညိုက လှည့်စားပြီး ခေါ်သွားပုံတို့ကို ပြောပြလိုက်သတဲ့။

"ရှင့်ကျေးဇူးကို ကျွန်မ ဘယ်တော့မှ မမေ့ပါဘူးရှင်၊ ကျွန်မရဲ့ခမည်းတော်ဆီ ပြန်ရောက်တဲ့အခါ ရှင့်ကို ဆုတော်တွေ အများကြီးပေးပါ့မယ်"

မင်းသမီးလေးက သည်လိုပြောတော့ မောင်စန္ဒာလေးဟာ စိတ်မကောင်းဖြစ်သွားသတဲ့။

"ကျွန်တော်က ဘာဆုတော်လာဘ်တော်မှ လိုချင်လို့မဟုတ်ဘူး၊ မင်းသမီးလေး သူခိုးတွေရဲ့လက်ထဲမှာ ဘေးဒုက္ခ ရောက်မှာမို့လို့ ကယ်တင်တာပါ" လို့ ပြောရှာသတဲ့။
mgyoe.com

mgyoe.com


ဒါပေမဲ့ မင်းသမီးလေးကတော့ မျက်နှာတစ်ခုလုံး ပြုံးပြီးတော့ မောင်စန္ဒာကို ဘုရင်ကပေးတဲ့ ဆုတော်ဆိုတာ ရဖို့မလွယ်ကြောင်း၊ အင်မတန်ထူးချွန်တဲ့ ကျေးကျွန်တွေကိုမှသာ ပေးလေ့ရှိကြောင်း၊ သခင်မကို စောင့်ရှောက်တဲ့အတွက် မောင်စန္ဒာကို တစ်သက် ချမ်းသာအောင် ဆုတော်ပေးမှာ သေချာကြောင်းကိုသာ ပြောသတဲ့။

ပြီးတော့ မောင်စန္ဒာက ရေကြည်တော်တွေ၊ သစ်သီးတွေကို မင်းသမီးလေးစားဖို့ ဆက်သတာပေါ့ကွယ်။ မင်းသမီးလေးကတော့ သူ့ကို ဘယ်လိုပြုစုပေမဲ့ သူဟာ မဟာမျိုးမဟာနွယ် ဘုရင့်မင်းသမီးတော်ဆိုတော့ မောင်စန္ဒာကို ကျေးကျွန်တစ်ဦးလိုသာ သဘောထားသတဲ့။

နောက်တော့ မျောက်လေးဖိုးညိုဟာ သူခိုးသုံးယောက်ကို တောထဲမှာ မျက်စိလည်အောင်လုပ်ပြီးထားခဲ့ရာက နန်းစဉ်ရတနာတွေကိုယူပြီး ပြန်ရောက်လာသတဲ့။

မင်းသမီးလေးဟာ မောင်စန္ဒာလေးနဲ့ အတူနေတဲ့ မြင်းနက်ကလေးရယ်၊ မျောက်ကလေးဖိုးညိုရယ်တို့ကို အံ့အားသင့်ပြီးကြည့်နေသတဲ့။

"ဒီသတ္တဝါတွေဟာ တခြားမျောက်တွေ၊ မြင်းတွေလို မဟုတ်ဘူးနော်။ လူစကားကို နားလည်တာဟာ အံ့သြစရာပဲ"

မင်းသမီးလေးက သည်လို မှတ်ချက်ချလိုက်တော့ မောင်စန္ဒာက ရှင်းပြသတဲ့။

"လူဆိုတာ ဘယ်သူ့ကိုမဆို စေတနာနဲ့ဆက်ဆံရင် ကိုယ့်ကိုလည်း စေတနာတုံ့ပြန်တာဟာ ဓမ္မတာပါပဲ"

mgyoe.com

mgyoe.com


မောင်စန္ဒာရဲ့ စကားကိုကြားတော့ မင်းသမီးလေးဟာ ရှက်ပြီး ခေါင်းငုံ့သွားသတဲ့။

"သခင်မသာ ကျေးတောသူလေးတစ်ယောက်ဖြစ်ရင် ဘယ်လောက်ကောင်းမလဲ၊ ဒါဆိုရင် မောင်စန္ဒာနဲ့အတူတူ ဒီမှာပဲ နေလို့ရမှာပဲ" လို့ မင်းသမီးလေးဟာ ခပ်တိုးတိုး ရေရွတ်မိတယ်။

သည်လိုနဲ့ တောထဲမှာ မောင်စန္ဒာဟာ မင်းသမီးလေးကို လိုက်ပြီးပြတယ်။ အင်မတန်မြင့်မားတဲ့ သစ်ပင်ကြီးတွေပေါ်မှာရှိတဲ့ သဇင်ပန်းတွေ၊ သစ်ခွပန်းတွေကိုခူးပြီး မင်းသမီးလေးကို ဆက်သတယ်။ မင်းသမီးလေးဟာ ရွှေနန်းတော်ကြီးမှာရှိတဲ့ မြင်ကွင်းတွေနဲ့ မတူတဲ့ တောထဲက ရေတံခွန်တွေ၊ စမ်းချောင်းတွေ၊ ပန်းပွင့်ပန်းခက်တွေ၊ အုံ့ဆိုင်းညို့မှိုင်းနေတဲ့ သစ်ကြီးဝါးကြီးတွေထဲမှာ ပျော်နေသတဲ့။

မောင်စန္ဒာဟာလည်း မင်းသမီးလေးစားဖို့ လတ်ဆတ်တဲ့ ငါးတွေဖမ်းပြီး ကင်ပေးရတာ၊ ပန်းသီး၊ သစ်သီးတွေရှာပြီး ကျွေးမွေးရတာ၊ ရေတံခွန်ထိပ်မှာထိုင်ပြီး စကားပြောရတာတွေကို ပျော်နေတော့သတဲ့။ သည်လိုနဲ့ မင်းသမီးလေးအိပ်ရင် မောင်စန္ဒာဟာ လိုဏ်ဂူအပြင် တံခါးဝက အိပ်ဖန်စောင့် လုပ်ရတာကိုပဲ သူ့ဘဝမှာ အပျော်ဆုံးအချိန်တွေ ဖြစ်နေတော့တယ်။

"မောင်စန္ဒာရယ် ဒီတောထဲမှာ နေရတာတော့ ပျော်ပါတယ်၊ ဒါပေမဲ့ ဒီတောထဲမှာ ရက်တွေကြာရင် ဖခမည်းတော်ဟာ စိတ်ပူပြီး စိုးရိမ်နေရတဲ့ရက်တွေ များမှာပဲ။ ဒီတော့ မနက်ဖြန်မိုးသောက်ရင် သခင်မကို မဏိဒေဝတိုင်းပြည်အရောက် လိုက်ပို့ပါတော့ကွယ်"

မင်းသမီးလေးရဲ့ တောင်းပန်စကားကိုကြားရတော့ မောင်

mgyoe.com

စန္ဒာဟာ မျက်ရည်ဝဲလာမိသတဲ့။ ဒါပေမဲ့ မျက်ရည်တွေမကျအောင် ကြိုးစားထိန်းချုပ်ပြီးတော့...

"သခင်မလေးရဲ့ အမိန့်တော်အတိုင်း ကျွန်တော်မျိုး လိုက်ပို့ပါ့မယ်" လို့ ဝန်ခံစကား ပြောလိုက်မိတော့သတဲ့။

နောက်တစ်နေ့ မိုးသောက်ချိန်မှာတော့ သိရိမင်္ဂလာ မင်းသမီးလေးကို မြင်းပေါ်မှာတင်ပြီးတော့ မောင်စန္ဒာက မြင်းဇက်ကြိုးကိုဆွဲပြီး တောထဲက ထွက်လာခဲ့ကြသတဲ့။ မျောက်ဖိုးညိုကလည်း သစ်ပင်တွေပေါ်ကနေ တစ်ပင်ပြီးတစ်ပင်ကူးရင်း လိုက်ပါလာခဲ့သတဲ့။

သည်လိုနဲ့ နေမွန်းတည့်ချိန်ရောက်တဲ့အခါကျတော့ တောအုပ်တစ်ခုထဲက လှိုဏ်ကြီးထဲမှာ သူတို့ဟာ ခရီးတစ်ထောက် နားကြတယ်။

မောင်စန္ဒာလေးကတော့ မင်းသမီးလေးဟာ သူ့ဆီက အပြီးအပိုင် ခွဲသွားတော့မှာပဲဆိုပြီး စိတ်မကောင်း ဖြစ်နေရှာသတဲ့။ မင်းသမီးလေးကတော့ ရွှေနန်းတော်ကြီးကို ပြန်ရောက်ပြီး သူ့ဖခမည်းတော်၊ မယ်တော်တွေနဲ့ တွေ့ရတော့မှာမို့ ပျော်ရွှင်နေသတဲ့။

သည်အချိန်မှာ မျောက်ကလေးဖိုးညိုက မြင်းနက်ကြီးကို စီးပြီးတော့ လှိုဏ်ပတ်ဝန်းကျင်မှာ ဘာတွေရှိသလဲဆိုတာကို လှည့်ပြီး ကြည့်နေလေသတဲ့။

သည်လို ကြည့်နေတုန်းမှာပဲ လူဝကြီးခေါင်းဆောင်တဲ့ သူခိုးကြီးသုံးယောက်ဟာ သူတို့နောက်ကို ခြေရာခံပြီး လိုက်လာတာကို တွေ့ရသတဲ့။ အသိဉာဏ်ရှိတဲ့ ဖိုးညိုဟာ မြင်းနက်ကြီးကို ဒုန်းစိုင်းပြီးတော့ လှိုဏ်ကြီးထဲကို ပြန်ဝင်လာတော့တာပေါ့။ သည်လိုနဲ့ မောင်

mgyoe.com

mgyoe.com


စန္ဒာလေးနဲ့ မင်းသမီးလေးဟာ သစ်တုံးကြီးတစ်တုံးပေါ်မှာ ထိုင်နေတုန်း မျောက်ကလေးဖိုးညိုက...

"ကွိ... ကွ... ကွိ... ကွိ... ကွ"

အရေးကြီးတဲ့အခါမှာ သူလုပ်ပြတဲ့ အမူအရာအတိုင်းပဲ ပြောတော့ အန္တရာယ်ရှိနေပြီဆိုတာ သိသွားတော့သတဲ့။

"ကဲ... ဟိုသူခိုးကြီးတွေ တို့ကို ခြေရာခံမိသွားပြီ၊ ဒီတော့ဖိုးညိုက လုပ်စရာရှိတာတွေ လုပ်ထားကြပေတော့။ တို့လည်း အသင့်ပြင်ထားပါ့မယ်"

မောင်စန္ဒာက မျောက်ကလေးဖိုးညိုနှင့် မြင်းနက်ကြီးကို စီးပြီးတော့ မင်းသမီးလေးကို ဆွဲထူလိုက်တယ်။ မင်းသမီးလေး ထိတ်လန့်ကြောက်ရွံ့တဲ့မျက်နှာနဲ့ မောင်စန္ဒာရဲ့ လက်မောင်းကို အားကိုးတကြီး ဖက်တွယ်ပြီး လိုက်ပါလာသတဲ့။ လှိုဏ်ကြီးရဲ့နောက်မှာ ပုန်းကွယ်လို့ကောင်းတဲ့ ချုံထဲမှာ မင်းသမီးလေးကို ဝှက်ထားလိုက်တယ်။

ပြီးတော့ လှိုဏ်ကြီးရဲ့အဝမှာ မောင်စန္ဒာဟာ နွယ်ကြိုးတွေကို အသေအချာ ထောင်ချောက်လုပ်ထားလိုက်တယ်။ မောင်စန္ဒာလေး ကြံစည်ထားတဲ့အတိုင်းပဲ ခြေရာခံမိလာတဲ့ လူဝကြီးနဲ့ သူခိုးနှစ်ယောက်ဟာ လှိုဏ်ကြီးထဲကို ကမန်းကတန်း ဝင်လာရောက်ခဲ့ရာက ခြေချော်ပြီးတော့ ထောင်ချောက်ထဲကို ကျသွားကြပါလေရော။

သည်တော့မှ သူတို့ဟာ ခရီးဆက်ထွက်လာခဲ့ကြတာပေါ့။ ရတနာတွေရယ်၊ မင်းသမီးလေးရယ်ကို မြင်းနက်ကြီးပေါ်မှာ တင်ပြီး မောင်စန္ဒာနဲ့ မျောက်ကလေးဖိုးညိုတို့က ခြေကျင်လျှောက်လာတယ်။

mgyoe.com

mgyoe.com


မင်းသမီးလေးက ခရီးလမ်းညွှန်ပြတဲ့အတွက် သူတို့သုံးဦး စလုံး မဏိဒေဝတိုင်းပြည်ကို ရောက်လာကြတယ်။ မဏိဒေဝတိုင်း ပြည်ရဲ့ ဘုရင်ကြီးဟာ သမီးတော်လေးနဲ့အတူ နန်းစဉ်ရတနာတွေ ကို ပြန်ရလာတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ မောင်စန္ဒာကို ဆုလာဘ်တွေ ပေးသတဲ့ကွယ်။

ဒါပေမဲ့ မောင်စန္ဒာလေးကတော့ ဆုတော်လာဘ်တော်တွေ ထက် မင်းသမီးလေးနဲ့ ခွဲရတော့မှာကို တွေးပြီးတော့ စိတ်မကောင်း ဖြစ်သွားရှာသတဲ့။

မင်းသမီးလေးက နန်းတော်ပြတင်းတံခါးဝကနေပြီးတော့ လက်ပြနှုတ်ဆက်လိုက်သတဲ့။ ဒီလိုနဲ့ပဲ မောင်စန္ဒာဟာ သူနေထိုင် ရာ တောထဲကို မပြန်နိုင်သေးဘဲ မဏိဒေဝပြည်ရဲ့ မြို့စွန်က အဘိုး ကြီး၊ အဘွားကြီးနှစ်ဦးရဲ့အိမ်မှာ တောင်းပန်ပြီး တည်းခိုနေထိုင် သတဲ့။

မောင်စန္ဒာရဲ့ အစ်ကိုနှစ်ဦးဖြစ်တဲ့ မောင်ဝဏ္ဏနဲ့ မောင်သီဟ တို့ကတော့ ဖခင်ဆီကရတဲ့ လယ်မြေတွေကို ရင်းနှီးလုပ်ကိုင်လို့ သူကြွယ်ကြီးတွေ ဖြစ်နေကြသတဲ့။ သူတို့ဟာ အိမ်ထောင်ရက် သား မကျသေးဘဲ စည်းစိမ်ချမ်းသာကို ခံစားပြီးတော့ ယစ်မူးပျော် ရွှင်နေကြတယ်ဆိုတာကို မောင်စန္ဒာလေးက သတင်းရသတဲ့။

မောင်စန္ဒာလေးကတော့ ဆင်းရဲတဲ့ အဘိုးကြီးအဘွားကြီး အိမ်မှာ နေထိုင်ပြီးတော့ ရေခပ်ထင်းခွဲလုပ်ကိုင်ပြီး သီရိမင်္ဂလာ မင်းသမီးရဲ့ သတင်းကိုသာ စောင့်စားနားထောင်နေသတဲ့ကွယ်။

တစ်နေ့မှာတော့ ဘုရင်ရဲ့ သတင်းကြေညာသူတွေဟာ မောင်စန္ဒာလေးနေတဲ့ ကျေးလက်တောရွာကို ရောက်လာပြီး

mgyoe.com

mgyoe.com
သတင်းတစ်ခုကို ထုတ်ပြန်ကြေညာတာ ကြားရသတဲ့။

သည်သတင်းကတော့ သီရိဒေဝမင်းကြီးရဲ့ သမီးတော် သီရိမင်္ဂလာ မင်းသမီးလေးအတွက် ကြင်ရာတော်ရွေးပွဲ ပြုလုပ်မယ်ဆိုတဲ့ သတင်းပဲပေါ့ကွယ်။

သည်သတင်းကို ကြားတာနဲ့ မောင်စန္ဒာလေးဟာ စိတ်တွေလှုပ်ရှားလွန်းလို့ ထမင်းစားလို့တောင် မရဘူးတဲ့။ ဒါပေမဲ့ ကြင်ရာတော်ရွေးပွဲကိုသွားဖို့အတွက် သူ့မှာ ဝတ်ကောင်းစားလှ မရှိဘူး။ သည်အဝတ်အစားတွေရဖို့အတွက် သူ ဘယ်လို လုပ်ရမလဲလို့ စဉ်းစားရခက်နေတယ်။

သူ့ကိုပေးလိုက်တဲ့ ဆုတော်လာဘ်တော်တွေဟာလည်း မောင်စန္ဒာလေးက အဘိုးကြီးအဘွားကြီး လင်မယားကို အပ်နှံပြီး စားသောက်စေတာကြောင့် အခုလောက်ဆို ကုန်သလောက်ရှိပြီဆိုတာ မောင်စန္ဒာလေးသိထားတော့ အခက်တွေ့နေတယ်။

ဒါနဲ့ သူ့အစ်ကို မောင်ဝဏ္ဏနဲ့ မောင်သီဟတို့ဆီကို အကူအညီတောင်းဖို့ စိတ်ကူးပြီး ထွက်လာခဲ့တယ်။ အစ်ကိုကြီး မောင်ဝဏ္ဏရဲ့အိမ်ကိုရောက်တော့ အိမ်ထဲကို အဝင်မခံဘဲ ခြံဝမှာတင် စကားပြောရသတဲ့။

"ဒီမှာ မောင်စန္ဒာ...၊ မင်း မတန်မရာတွေကို မစဉ်းစားပါနဲ့ကွာ။ ဘုရင့်သမီးတော်လေးရဲ့ ကြင်ရာတော်ရွေးပွဲကို မင်းသွားရင်လည်း မင်းလိုဆင်းရဲသားကို ကြင်ရာအဖြစ် မင်းသမီးလေးက ရွေးမှာမဟုတ်ဘူးကွ။ ပြီးတော့ အဖိုးတန်အဝတ်အစားတွေကို မင်းကို ငါ မပေးနိုင်ပါဘူး"

ရက်စက်တဲ့ မောင်ဝဏ္ဏရဲ့ စကားကြောင့် မောင်စန္ဒာလေး
mgyoe.com

ဟာ ဘာတစ်ခုမှမရဘဲ ထွက်လာခဲ့ရတယ်။ ဒါနဲ့ မောင်သီဟတို့ အိမ်ကို ရောက်လာပြန်ရော။ မောင်သီဟကလည်း မောင်စန္ဒာကို ပြောလိုက်ပြန်သတဲ့။

"ကြင်ရာတော်ရွေးပွဲဆိုတာ သူဌေးသူကြွယ်တွေတက်ရတဲ့ အလုပ်ပါကွာ၊ တို့လို သူဌေးသူကြွယ်တွေကိုပဲ မင်းသမီးလေးက ကြင်ရာတော်အဖြစ် ရွေးမှာပါ။ မင်းလို ကျေးတောသားကို အဝတ် အစားပေးလည်း အဝတ်အစားဆုံးတာပဲ ရှိမှာပါ။ သွားပါကွာ မဖြစ်နိုင်တာတွေ လာပြောမနေပါနဲ့"

သည်လိုနဲ့ လက်လျှော့ပြီးတော့ မောင်စန္ဒာလေးဟာ ပြန်လာ ခဲ့ရတာပေါ့။ နောက်တစ်နေ့ မိုးသောက်ရင် ကြင်ရာတော်ရွေးပွဲ ကျင်းပတော့မှာမို့ ဒီကြင်ရာတော်ရွေးပွဲကို မောင်စန္ဒာလေးဟာ တက်ရောက်နိုင်မှာ မဟုတ်တော့ဘူးလို့တွေးပြီး အိမ်တံခါးဝမှာ ထိုင်ပြီးမှိုင်နေသတဲ့။

အဲသည်အချိန်မှာ အဘိုးကြီးဟာ မောင်စန္ဒာအနားကို ရောက်လာတယ်။

"သား... မောင်စန္ဒာ၊ မျက်နှာမသာမယာနဲ့ ဘာဖြစ်လို့ မှိုင် နေတာလဲ၊ ဘဘကို ပြောပါဦး"

မောင်စန္ဒာလေးဟာ မဏိဒေဝ ဘုရင့်သမီးတော်ရဲ့ ကြင်ရာ တော်ရွေးပွဲကို တက်ရောက်လိုတဲ့အကြောင်း ပြောပြလိုက်မိသတဲ့။ ထိုအခါ အဘိုးကြီးက...

"ဘာမှမပူပါနဲ့ကွာ၊ မနက်ဖြန် ကြင်ရာတော်ရွေးပွဲကို သွားဖို့ အတွက် ဘဘ ငယ်ငယ်ကဝတ်တဲ့ အဝတ်အစားတွေ ရှိပါတယ်။ ဒီအဝတ်အစားကိုသာ ဝတ်သွားရင် နန်းရင်ပြင်မှာ ရှိတဲ့သူတွေ

mgyoe.com

အံ့ဩပြီးတော့ မင်းကို နေရာထိုင်ခင်း ကောင်းကောင်း ပေးပါလိမ့်မယ်" လို့ ပြောလိုက်သတဲ့။

အဘိုးကြီးက ပြောပေမဲ့ မောင်စန္ဒာလေးကတော့ သိပ်မကြည်ယုံဘူးပေါ့။ အဲ... မကြာပါဘူး။ အဘွားကြီးက အိပ်ခန်းထဲက အဝတ်ဟောင်းနဲ့ထုပ်ထားတဲ့ အထုပ်ကြီးတစ်ထုပ်ယူလာပြီး ဖြေချလိုက်တယ်။

အဲသည်အထုပ်ထဲက ထွက်လာတာကတော့ မင်းညီမင်းသားတွေဝတ်တဲ့ ပိုးဖဲကတ္တီပါတွေပေါ်မှာ စိန်တွေ၊ ရွှေတွေ လက်လက်ထအောင် စီခြယ်ထားတဲ့ ဝတ်စုံတစ်စုံဖြစ်နေတာကို တွေ့လိုက်ရတော့သတဲ့။

မောင်စန္ဒာလေးဟာ အံ့အားသင့်သွားတယ်။ ပြီးတော့ ဝမ်းမြောက်ဝမ်းသာ ဝတ်ဆင်ကြည့်လိုက်တဲ့အခါမှာ လနတ်သားလေးလား ထင်ရအောင်ကို ဝင်းလက်တောက်ပသွားတာပဲတဲ့။

သည်လိုနဲ့ မိုးသောက်တော့ မောင်စန္ဒာလေးဟာ သည်အဝတ်အစားကို ဝတ်ဆင်ပြီးတော့ နန်းရင်ပြင်ကို လာတဲ့အခါ သူ့ကို တိုင်းပြည်တစ်ပြည်ကလာတဲ့ မင်းသားလေးတစ်ပါးလို့ ထင်မိတဲ့အတွက် မှူးမတ်အရာရှိကြီးတွေက ဝမ်းသာအားရ ကြိုဆိုပြီးတော့ နေရာထိုင်ခင်း ကောင်းကောင်းမွန်မွန် ပေးကြတာပေါ့။

သည်ကြင်ရာရွေးပွဲကို မောင်ဝဏ္ဏနဲ့ မောင်သီဟတို့လည်း ရောက်လာကြပြီးတော့ အတိုင်းတိုင်းအပြည်ပြည်က မင်းသားတွေလည်း ရောက်လာကြသတဲ့။

ကြင်ရာရွေးပွဲ စတင်တဲ့အခါ မဏိဒေဝမင်းကြီးရဲ့ အမတ်ချုပ်ကြီးက ကြင်ရာတော်ရွေးပွဲမှာ လိုက်နာရမယ့် စည်းမျဉ်း စည်း

ကမ်းတွေကို ပြောပြသတဲ့။ ပထမတော့ မြင်းစီးပြိုင်ကြရတယ်။ ပြီးတော့ စစ်ဆင်စစ်တက် အခက်အခဲအမျိုးမျိုးကို ပြုလုပ်ပြကြရပြီးတော့ နန်းရင်ပြင်ရဲ့အလယ်မှာရှိတဲ့ ချောတိုင်ကြီးရဲ့ထိပ်မှာရှိတဲ့ ပတ္တမြားလက်စွပ်ကို ရအောင်ယူကြရမယ်လို့ ကြေညာလိုက်သတဲ့။

သည်လို ကြေညာလိုက်တာနဲ့ ယောကျ်ားမပီသတဲ့သူတွေ၊ ခက်ခဲလို့ ရမှာမဟုတ်ဘူးလို့ စိတ်လျှော့တဲ့သူတွေ ထပြန်သွားလိုက်ကြတာ သုံးပုံနှစ်ပုံလောက် လျော့သွားသတဲ့။ မောင်စန္ဒာလေးကတော့ မပြန်ဘူးပေါ့ကွယ်။

မကြာခင်မှာပဲ မြင်းစီးပြိုင်ပွဲကို စတင်လိုက်တယ်။ မောင်စန္ဒာလေးဟာ မြင်းနက်ကြီးကိုစီးပြီးတော့ ပြိုင်တာပေါ့။ မောင်ဝဏ္ဏာနဲ့ မောင်သီဟတို့ကလည်း သူတို့ရထားတဲ့ မြင်းညို၊ မြင်းဖြူတွေနဲ့ ဝင်ပြီးပြိုင်ကြသတဲ့။

မြင်းအမျိုးကောင်းက ပေါက်ဖွားတဲ့မြင်းတွေမို့ မောင်စန္ဒာတို့ ညီအစ်ကိုသုံးယောက်ရဲ့မြင်းဟာ မကြာခင်မှာပဲ ရှေ့ဆုံးကို ကျော်တက်သွားတာပေါ့။ တစ်မိသားပေါက်ဖြစ်တဲ့ သည်မြင်းမျိုးကောင်းသုံးစီးထဲမှာလည်း မောင်စန္ဒာလေးရဲ့မြင်းဟာ တောထဲက ကျောက်တောင်ချောက်ကမ်းပါးတွေမှာ အပြင်းနှင်ဖူးတဲ့မြင်းမို့ မောင်ဝဏ္ဏာနဲ့ မောင်သီဟတို့ရဲ့မြင်းတွေကိုကျော်ပြီး ပန်းတိုင်ကို ရှေ့ဆုံးက ဝင်သွားပါရောသတဲ့ကွယ်။

ကြင်ရာရွေးပွဲ ရောက်လာကြတဲ့ ပရိသတ်ကြီးဟာ သောင်းသောင်းဖျဖျ လက်ခုပ်တွေ တီးလိုက်ကြတာ မိုးပျံအထိတောင် အသံတွေ ရောက်လုပါရောတဲ့။ မောင်ဝဏ္ဏာဟာ သူ့ညီ မောင်စန္ဒာရဲ့မြင်းကဲ အနိုင်ရသွားတာတွေ့လို့ မနာလိုစိတ် အကြီးအကျယ်

mgyoe.com

ဖြစ်မိတော့သတဲ့။

ဒါပေမဲ့ နန်းရင်ပြင်မှာမို့လို့ ဘယ်လိုမှ အခွင့်မသာဘဲ စိတ်မချမ်းမသာနဲ့ မောင်စန္ဒာလေး အောင်ပွဲရထားတာကို ကြည့်နေလိုက်ရတော့တာပေါ့။ မောင်ဝဏ္ဏလိုပဲ မောင်သီဟကလည်း မောင်စန္ဒာလေးကို မနာလိုဖြစ်သတဲ့။ ဒါနဲ့ မောင်စန္ဒာကို အကောက်ကြံဖို့ တိတ်တဆိတ် ကြံစည်ထားလိုက်ကြတော့တာပေါ့။

ပြီးတဲ့နောက် မောင်စန္ဒာဟာ ချောတိုင်ထိပ်မှာရှိတဲ့ ပတ္တမြားလက်စွပ်ကို ယူတဲ့အထိ အမျိုးမျိုး အစွမ်းတွေပြနိုင်လို့ မင်းသမီးလေးရဲ့ ကြင်ရာတော်အဖြစ် အရွေးခံလိုက်ရတာပေါ့ကွယ်။

မင်းသမီးဟာလည်း မောင်စန္ဒာရဲ့ ကြင်နာယုယမှုတွေကြောင့် ချစ်မြတ်နိုးပေမဲ့ ဖခမည်းတော်က သဘောမတူမှာစိုးလို့ ဖွင့်မပြောဘဲ နေခဲ့ရတာ အခုမှပဲ စိတ်ချမ်းသာသွားတော့သတဲ့။ မောင်စန္ဒာကို မဏိဒေဝဘုရင်ကြီးက ခေါ်တွေ့ပြီး မေးမြန်းသတဲ့။

"မင်း ဒီအဝတ်အစားတွေကို ဘယ်ကရသလဲ ပြောပါဦး"

မောင်စန္ဒာက အမှန်အတိုင်း သူဝတ်တဲ့ အဝတ်အစားတွေဟာ ကျေးလက်တောရွာက အဘိုးကြီးအဘွားကြီး လင်မယားဆီက ရတာပါလို့ ပြောပြလိုက်တယ်။

သည်တော့မှ ဘုရင်ကြီးဟာ သူ ငယ်စဉ်က ဦးရီးတော်ရဲ့ ထီးနန်းလုစဉ်က ထွက်ပြေးရပုံကို သတိရသတဲ့။ ပြီးတော့ မောင်စန္ဒာလေးဝတ်ထားတဲ့ ဝတ်စုံရဲ့ပိုင်ရှင်ဟာ သူ့အစ်ကို ဖြစ်တယ်လို့လည်း ပြောပြသတဲ့။

မဏိဒေဝဘုရင်ကြီး ထီးနန်းရတဲ့အခါ အစ်ကိုတော်စပ်တဲ့ သိဒ္ဓိဒီပမင်းသားကြီးဟာ ထီးနန်းအုပ်ချုပ်သူတို့ရဲ့ ထုံးစံအတိုင်း

mgyoe.com

mgyoe.com
အစ်ကိုတော်သူကို အန္တရာယ်ပေးမယ်ထင်ပြီး ကျေးတောရွာမှာပဲ ဇာတ်မြှုပ်ပြီး နေတော့တာကိုး။ ဒါပေမဲ့ မဏိဒေဝမင်းကြီးဟာ တိုင်းပြည်ကို သာယာဝပြောအောင် အုပ်ချုပ်ပြီး အစ်ကိုတော်သူကို ဒုက္ခပေးမှာ မဟုတ်ဘူးဆိုတာကိုသိလို့ မောင်စန္ဒာလေးကို သူ့ရဲ့ ဝတ်စုံ ပေးဝတ်လိုက်တာကိုး။

ကွဲကွာနေတဲ့ အစ်ကိုတော် သီရိဒီပကို ခေါ်ဆောင်လာဖို့ အတွက် အိမ်ရှေ့မင်းသားအဖြစ် အရိုက်အရာပေးပြီးတော့ သမီးတော်နဲ့ လက်ဆက်ပေးစားပြီးတဲ့ မောင်စန္ဒာလေးကို တာဝန်ပေးသတဲ့။ မောင်စန္ဒာလေးကလည်း ကောင်းပါပြီလို့ဝန်ခံပြီး သူ့အပေါ်မှာ ကျေးဇူးရှိတဲ့ အဘိုးကြီးအဘွားကြီးလင်မယားကို ခေါ်ဆောင်ဖို့ နောက်လိုက်နောက်ပါတွေနဲ့ ထွက်လာခဲ့ကြတယ်။

နန်းတော်က ထွက်ခါနီးမှာ သီရိမင်္ဂလာ မင်းသမီးလေးက လင်တော်ရဲ့လက်ကိုကိုင်ပြီး မြန်မြန်ပြန်လာဖို့ တဖွဖွ တောင်းပန်သွားသတဲ့။ သည်လို တောင်းပန်တဲ့အချိန်မှာပဲ မောင်စန္ဒာလေးရဲ့ လက်ခုံပေါ်က မှဲ့နက်ကလေးကို စူးစိုက်ပြီး ကြည့်လိုက်မိသွားသတဲ့။

မောင်စန္ဒာကလည်း မြန်မြန်ပြန်လာခဲ့ပါမယ်ဆိုတဲ့အကြောင်းကို တဖွဖွပြောပြီးတော့ နောက်လိုက်နောက်ပါတွေနဲ့အတူ ခရီးထွက်လာခဲ့ကြတော့သတဲ့ကွယ်။

သည်လိုနဲ့ မြို့တံခါးဝက မောင်စန္ဒာနဲ့ နောက်က အခြွေအရံတွေ ထွက်လာတဲ့အခါကျတော့ အသင့်စောင့်နေတဲ့ လူနှစ်ယောက်ကို တွေ့ကြရတယ်။ အဲဒီလူနှစ်ယောက်ကတော့ မောင်စန္ဒာရဲ့ အစ်ကိုတွေဖြစ်တဲ့ မောင်ဝဏ္ဏနဲ့ မောင်သီဟတို့ပဲပေါ့ကွယ်။

မောင်ဝဏ္ဏနဲ့ မောင်သီဟက သည်ခရီးစဉ်မှာ သူတို့လည်း
mgyoe.com

mgyoe.com


လိုက်ခဲ့ပါရစေလို့ ပြောကြတာနဲ့ မောင်စန္ဒာလေးက သူ့အစ်ကိုနှစ်ယောက်ကို လိုက်ဖို့ ခွင့်ပြုလိုက်သတဲ့။

တကယ်တော့ မောင်ဝဏ္ဏနဲ့ မောင်သီဟတို့ လိုက်လာတာဟာ အကောင်းမဟုတ်ဘူးကွဲ့။ မောင်စန္ဒာလေးကို အကောက်ကြံဖို့ လိုက်လာကြတာပဲ။ ဒါကိုမသိတဲ့ မောင်စန္ဒာလေးကတော့ ရိုးသားတဲ့ စေတနာနဲ့ သူ့အစ်ကိုတွေကို ခေါ်ဆောင်သွားတာပေါ့။

ညီအစ်ကိုတွေဖြစ်လို့ မောင်စန္ဒာနဲ့ သူ့အစ်ကိုနှစ်ယောက်ဟာ ရုပ်ဆင်းသဏ္ဍာန်ချင်း အတော်တူတယ်ကွဲ့။ ပိုပြီးတူတာက မောင်သီဟနဲ့ မောင်စန္ဒာဟာ အရုပ်အမောင်းရော မျက်နှာရော တစ်ထေရာတည်း ဖြစ်နေတာကို တွေ့ကြရတယ်။

သည်လိုနဲ့ အဘိုးကြီးအဘွားကြီးတွေနေတဲ့ ကျေးလက်တောရွာကို ရောက်တဲ့အခါကျတော့ မှောင်ရီပိုးတဝါး ဖြစ်လာတာပေါ့။

မောင်စန္ဒာလေးက အဘိုးကြီးအဘွားကြီးကို ဘုရင်ကြီးက မှာလိုက်တဲ့အတိုင်း ပြောဆိုပြီး မနက်ဖြန်မိုးသောက်မှာ ခရီးထွက်ဖို့ စီစဉ်လိုက်သတဲ့။ ညကျတော့ အဘိုးကြီးအဘွားကြီးရဲ့အိမ်မှာပဲ တစ်ညတာ အိပ်စက်ကြတာပေါ့ကွယ်။

ဒါနဲ့ ညသန်းခေါင်အချိန်မှာ ပါလာတဲ့ အခြွေအရံတွေ အိပ်ပျော်နေတုန်း မောင်ဝဏ္ဏနဲ့ မောင်သီဟဟာ မောင်စန္ဒာလေးကို ပါးစပ်ပိတ်ပြီး ကြိုးနဲ့တုပ်လိုက်တယ်။ ပြီးတော့ အဘိုးကြီးတွေ အဘွားကြီးတွေနေတဲ့ အိမ်နောက်က စပါးကျီထဲမှာ တိတ်တဆိတ် ထည့်ထားလိုက်ကြပါရောတဲ့။

နံနက်မိုးသောက်တော့ မောင်သီဟက မောင်စန္ဒာလေးယောင်

mgyoe.com

ဆောင်လိုက်တယ်။ ပြီးတော့ မောင်သီဟက ကိစ္စရှိလို့ ခရီးထွက်သွားပြီလို့ မင်းမှူထမ်းတွေယုံအောင် ပြောလိုက်သတဲ့။ အဘိုးကြီးအဘွားကြီးကလည်း ရုပ်ချင်းကဆင်နေတော့ မောင်သီဟကို မောင်စန္ဒာလေးလို့ပဲ ထင်မိကြသတဲ့။

ဒါပေမဲ့ အပြန်ခရီးမှာ မြင်းနက်ကြီးရဲ့အပေါ်ကို မောင်စန္ဒာယောင်ဆောင်ထားတဲ့ မောင်သီဟက ခုန်တက်လိုက်တဲ့အခါ မြင်းနက်ကြီးက လက်မခံဘူးတဲ့။ ခုန်ပေါက်ပြီး ခါချတာနဲ့ မောင်သီဟဟာ မြင်းပေါ်ကပြုတ်ကျကာ မြင်မကောင်းရှုမကောင်း ဖြစ်ရတော့တာပေါ့။

ဒါကြောင့် မောင်သီဟဟာ သူစီးလာတဲ့ မြင်းညိုကြီးကိုပဲ ပြန်စီးရတယ်။ ပြီးတော့ မြင်းနက်ကြီးကိုတော့ သည်အတိုင်း ကြိုးနဲ့ ဆွဲလာရတာပေါ့။ မြင်းနက်ကြီးဟာ တစ်လမ်းလုံး မကျေမချမ်း ခုန်ပေါက်ရုန်းကန်ရင်းနဲ့ လိုက်ပါလာတာကို တွေ့ကြသတဲ့။

မဏိဒေဝမင်းကြီးရဲ့နန်းတော်ကို ရောက်တဲ့အခါကျတော့ အသင့်ကြိုဆိုနေတဲ့ သိရိမင်္ဂလာမင်းသမီးကို တွေ့ရတော့တာပေါ့။ သိရိမင်္ဂလာမင်းသမီးလေးက မောင်တော် မောင်စန္ဒာအမှတ်နဲ့ လက်ကိုဆွဲပြီး ဆီးကြိုနှုတ်ဆက်လိုက်တယ်။ ဒါပေမဲ့ လက်ခုံပေါ်က မှဲ့အနက်ကို မတွေ့ရတော့ စိတ်ထဲမှာ သံသယ ဖြစ်တော့တာပေါ့။

အဲသည်အချိန်မှာ မြင်းနက်ကြီးက ရောက်လာပြီး မောင်သီဟကို ခေါင်းနဲ့ဝင်တိုးလိုက်လို့ နောက်ဘက် ယိုင်သွားသတဲ့။ ပြီးတော့ မြင်းနက်ကြီးရှိရာ မောင်စန္ဒာရဲ့ မျောက်ဖိုးညိုလေးဟာ ရောက်လာပြီး မောင်သီဟကို တခွိးခွိးနဲ့သာ မောင်းထုတ်နေပြန်

mgyoe.com

ရောသတဲ့။

သည်လောက် မသက်္ကာစရာတွေ တွေ့ရတော့ သီရိမင်္ဂလာမင်းသမီးလေးဟာ မောင်စန္ဒာအစစ် မဟုတ်မှန်းကို သိနေပြီပေါ့ကွယ်။ ဒါပေမဲ့ မောင်စန္ဒာဟန်ဆောင်ထားတဲ့ မောင်သီဟကိုတော့ အလိုက်အထိုက်ဆက်ဆံပြီး အဆောင်တော်ထဲရောက်အောင် လိုက်ပို့လိုက်တယ်။ မျောက်ဖိုးညိုကလည်း သူ့သခင်မဟုတ်မှန်း သိတော့ သီရိမင်္ဂလာမင်းသမီးလေးကို နောက်ကနေ ဝတ်လဲတော်ကိုဆွဲပြီး အသိပေးသတဲ့။

သီရိမင်္ဂလာမင်းသမီးလေးက အသာနေဖို့ ခေါင်းပုတ်ပြီး ရိုက်ပြလိုက်မှ အဆောင်တော်ရှေ့ကနေပြီး မြင်းနက်ကြီးရဲ့ ကျောပေါ်ကထိုင်ပြီး စောင့်နေတော့သတဲ့။

"ကဲ... မောင်တော်လည်း ခရီးပန်းလာတယ်၊ အဆောင်တော်ထဲ အနားယူပါဦး။ နှမတော်လည်း ရံရွေတော်တွေကို မောင်တော်အတွက် စားတော်ပွဲ အသင့်စီစဉ်ဖို့ မှာကြားပါဦးမယ်"

မင်းသမီးလေးဟာ ဉာဏ်ပညာရှိတော့ မောင်သီဟကို ချိုချိုသာသာပြောပြီး မောင်သီဟနေတဲ့အဆောင်ကို အပြင်က တံခါးပိတ်လိုက်တယ်။ ပြီးတော့ မင်းချင်းတွေကိုခေါ်ပြီး သည်အဆောင်ထဲကမင်းသား ဘယ်မှမထွက်အောင် စောင့်ကြပ်ဖို့ မှာကြားလိုက်တယ်။

အဆောင်ကိုင်တွေ၊ စစ်သည်တော်တွေကိုပါ လုံခြုံစိတ်ချရအောင် အမိန့်ပေးပြီးတော့ မောင်စန္ဒာရဲ့ စီးတော်မြင်းရဲ့ နောက်ကျောဘက်ကို လွှားခနဲ ခုန်တက်လိုက်သတဲ့။ မျောက်ကလေးဖိုးညိုကလည်း မြင်းနက်ရဲ့ကျောပေါ်မှာ ဇက်ကြိုးကိုကိုင်ပြီး

mgyoe.com

မောင်းပေးသတဲ့။

"ကဲ... ငနက်ရေ၊ မင်းသခင် ဘယ်မှာကျန်ခဲ့တယ်ဆိုတာ မင်းအသိဆုံးပဲ။ အဲဒီကိုသာ ပြေးပေတော့ဟေ့"

သီရိမင်္ဂလာမင်းသမီးလေးက အမိန့်ပေးလိုက်တာနဲ့ မြင်းနက်ကြီးဟာ အဘိုးကြီး၊ အဘွားကြီးနေတဲ့ ကျေးလက်တောရွာက အိမ်ကလေးရှိရာကို သုတ်ခြေတင်ပြီး ပြေးတော့တာပဲတဲ့ကွယ်။

အဘိုးကြီး၊ အဘွားကြီးရဲ့အိမ်ထဲကို မရောက်တဲ့အခါကျတော့ လူတစ်ယောက်မျှ မတွေ့ရဘူး၊ မြင်းနက်ကြီးကလည်း အဲသည် အိမ်ကို ခေါင်းတိုက်ပြီး ဘယ်မှမသွားဘဲ ပေရပ်နေတော့ မင်းသမီး လေးက မြင်းပေါ်က ဆင်းလိုက်တယ်။

"ကဲ... ဖိုးညို၊ ငနက်ကတော့ နေရာပြပြီ။ တို့လူကို တွေ့ အောင်ရှာပေတော့"

ဖိုးညိုဟာ အိမ်ထဲကို နေရာအနှံ့ ဝင်ရှာတယ်။ သူ့သခင် ကြားအောင် တကွိကွိနဲ့ အသံပေးတယ်။ အိမ်ထဲမှာမတွေ့တော့ အိမ်ခေါင်မိုးပေါ်တက်တယ်။ အိမ်ခေါင်မိုးပေါ်ကနေ နွားတင်းကုပ် ပေါ်ကနေပြီးတော့မှ စပါးကျီရှိတဲ့နေရာကို ရောက်သွားသတဲ့။

"ကွိ... ကွိ... ကွ... ကွ"

စပါးကျီထဲကနေ မျောက်ဖိုးညိုရဲ့ စူးစူးဝါးဝါးအော်တဲ့အသံ ကို ကြားရတဲ့အခါကျတော့ မင်းသမီးလေးရော မြင်းနက်ကြီးပါ စပါးကျီနားကို ရောက်လာကြတာပေါ့။

စပါးကျီထဲမှာတွေ့ရတဲ့ သူ့သခင် မောင်စန္ဒာကို မျောက်ဖိုး ညိုက ပါးစပ်မှာဆို့ထားတဲ့ အဝတ်ကိုလည်း ချွတ်ပေးပြီးတော့ လက်တွေ၊ ခြေထောက်တွေမှာ တုပ်ထားတဲ့ ကြိုးတွေကို ပါးစပ်နဲ့

mgyoe.com

ကိုက်ဖြတ်ပေးရာတာ သွားထဲက သွေးတွေတောင် ထွက်သတဲ့။

မကြာခင်မှာပဲ စပါးကျီပေါ်က မောင်စန္ဒာ လွှားခနဲ ခုန်ချလာတာကို မင်းသမီးလေးကတွေ့တော့ ပြေးပြီး ပွေ့ဖက်လိုက်သတဲ့။

"ဘယ်လိုဖြစ်ရတာလဲ မောင်တော်ရယ်၊ နှမတော် စိတ်ပူလိုက်ရတာ"

"မောင်တော်ကလည်း နှမတော်အတွက် စိတ်ပူနေတာ၊ နှမတော် အကဲခတ်မိလို့ တော်တော့တာပေါ့"

သူတို့သခင်ကို တွေ့ရတော့ မျောက်ကလေးဖိုးညိုနဲ့ မြင်းနက်ကြီးပါ ပျော်သွားကြတာပေါ့။ ရွှေနန်းတော်ကြီးကို ရောက်တဲ့အခါကျတော့ သူ့အပေါ်မှာ မကောင်းကြံတဲ့ မောင်ဝဏ္ဏနဲ့ မောင်သီဟတို့ကို ဖမ်းဆီးပြီးတော့ မောင်စန္ဒာက ရှေ့တော်မှာ ခေါ်တွေ့သတဲ့။

"အစ်ကိုတော်တို့ဟာ သွေးရင်းသားရင်းဖြစ်တဲ့ ညီအငယ်ဆုံးအပေါ်မှာ မကောင်းကြံတဲ့သူတွေဖြစ်တယ်။ အဲဒီတော့ ဒီရိက္ခာငွေကြေးယူပြီးတော့ အရပ်တစ်ပါးမှာ သွားရောက်နေထိုင်ကြပါတော့။ နောက်တစ်ခါ ညီတော့်ကို မကောင်းကြံရင်တော့ ရာဇဝတ်သားတွေရဲ့လက်ထဲကိုထည့်ပြီး အဆုံးစီရင်ရပါလိမ့်မယ်"

မောင်ဝဏ္ဏနဲ့ မောင်သီဟတို့ဟာ သူတို့ မကောင်းကြံမိတာ ခွင့်လွှတ်ပါလို့ တောင်းပန်ပြီးတော့ ပေးတဲ့ ရိက္ခာပစ္စည်းတွေကို ယူပြီး ထွက်ခွာသွားကြရတော့တာပေါ့။

သည်တော့မှ စိတ်ကောင်းရှိတဲ့ မောင်စန္ဒာလေးနှင့် သီရိမင်္ဂလာ မင်းသမီးလေးတို့ဟာ ပျော်ရွှင်စွာ ပေါင်းသင်းနေထိုင်ကြရတော့တာပေါ့။ အဲ... မျောက်ကလေးဖိုးညိုနဲ့ မြင်းကြီးငနက်တို့ဟာ

mgyoe.com

လည်း သူတို့သခင်နဲ့ သခင်မကို အမြဲတမ်း အကူအညီပေးပြီး ရွှေနန်းတော်ကြီးထဲမှာ ပျော်ပျော်ပါးပါး နေကြရတော့သတဲ့ကွယ်။

ဒါကြောင့် သူတစ်ပါးကို မလိုမုန်းထားပြီး ဘေးဒုက္ခရောက်အောင်ပြုတဲ့သူတွေဟာ ဆင်းရဲတတ်ပြီး စိတ်ကောင်းစေတနာနဲ့ ကူညီတတ်၊ စောင့်ရှောက်တတ်တဲ့သူတွေဟာ ချမ်းသာသုခနဲ့ တွေ့ဆုံရမြဲဖြစ်တယ်လို့ ဒီပုံပြင်လေးကိုဖတ်ပြီး မှတ်သားထားသင့်တာပေါ့ကွယ်။

□

mgyoe.com

mgyoe.com

# ထူးဆန်းသော အမြွှာညီနောင်

ဟိုးရှေးရှေးတုန်းက တိုင်းပြည်တစ်ပြည်က ဘုရင်ကြီး တစ်ပါးဟာ သားတော်နှစ်ပါး ဖွားမြင်သတဲ့။ သားတော်နှစ်ပါးဟာ တစ်ချိန်တည်းမှာ ဖွားမြင်လာတော့ ဘယ်သူကအစ်ကို၊ ဘယ်သူကညီလို့ ပြောဖို့တောင် ခက်ခဲနေသတဲ့။ နာရီ၊ မိနစ် အတိအကျမှာ တစ်ယောက်နဲ့တစ်ယောက် ဖက်ပြီးတော့ အတူတူ တစ်ချိန်တည်း ဖွားမြင်လာတာမို့ ဒီအမြွှာညီအစ်ကိုကို အကြီးအငယ် ခွဲလို့မရ ဖြစ်နေရသတဲ့။

ဘုရင်ကြီးဟာ စိတ်ညစ်ညစ်နဲ့ တိုင်းပြည်ထဲမှာ သူ့သား တော်နှစ်ပါးကို အကြီး၊ အငယ် ခွဲခြားပေးနိုင်တဲ့သူကို ယောကျ်ား ဆိုရင် အိမ်ရှေ့အရာပေးမယ်၊ မိန်းမဆိုရင်လည်း မိဖုရားမြှောက် မယ်လို့ ကြေညာမောင်းခတ်စေသတဲ့။

အဲသည်အခါမှာ ဗေဒင်၊ နက္ခတ်ပညာကအစ လောကီပညာ အမျိုးမျိုးတတ်တဲ့သူတွေဟာ ဘုရင်ကြီးဆီကို အခစား ဝင်ရောက် လာကြသတဲ့။ တစ်ဦးပြီးတစ်ဦး မွေးဖွားပုံကို မေးကြ၊ သူတို့ပညာနဲ့

mgyoe.com

သူတို့ တွက်ကြချက်ကြပေမဲ့ နောက်ဆုံးမှာတော့ တစ်ချိန်တည်း အတူတူမွေးတယ်ဆိုတဲ့ အဖြေထွက်နေတော့ ဘယ်သူမှ အကြီး၊ အငယ် ခွဲခြားဖို့အတွက် မတတ်နိုင်အောင် ဖြစ်ကြရတော့သတဲ့။

ဒါနဲ့ ဘုရင်ကြီးဟာ သားတော် အကြီးအငယ်ခွဲဖို့ကိစ္စကို လက်လျှော့လိုက်ရပြီးတော့ သားတော်တွေကို နာမည်ပေးဖို့ အတွက်သာ ဆောင်ရွက်စေရသတဲ့။

နာမည်ပေးဖို့အတွက် ကျပြန်တော့လည်း ဘုရင်ကြီးက ထူးဆန်းတဲ့သားတော်နှစ်ပါးရဲ့ ဖွားမြင်မှုကို နာမည်ဟာ နှစ်မျိုးဖြစ်ပေမဲ့ အဓိပ္ပာယ်ကတော့ တစ်ခုတည်းရှိတဲ့ အမည်မျိုးကို ပေးစေလို့ အမိန့်တော်မှတ်လိုက်သတဲ့။

သည်အမိန့်တော်ကြောင့် ပုဏ္ဏားတော်ကြီးတွေ၊ ပညာရှိတွေကို ဦးနှောက်ခြောက်အောင် လုပ်သလို ဖြစ်နေပြန်တော့တာပေါ့ကွယ်။ နန်းတော်ထဲက ပညာရှိတွေကလည်း ဘုရင်ကြီးနဲ့ ထူးဆန်းတဲ့ သားတော်နှစ်ပါးကြောင့် အခက်အခဲ အကြီးအကျယ် တွေ့ကြရ တာပေါ့။

"ဒီအတိုင်းဆိုရင်တော့ အခက်ပဲ အမတ်ကြီးရေ၊ ဒီသားတော် နှစ်ပါးဟာ ကျုပ်တို့ ပညာရှိတွေကို ဒုက္ခပေးဖို့ မွေးလာသလိုပဲ။ ကျုပ်တော့ မတွေးတတ်အောင်ကို ဖြစ်နေတယ်"

သက်တော်ရှည်အမတ်ကြီးက အဲသည်လိုညည်းတွားတော့ ဘဏ္ဍာတော်ထိန်းအမတ်ကလည်း ခေါင်းကုတ်ပြီးပြောသတဲ့။

"ဟုတ်တယ်ဗျာ၊ မနက်ဖြန် ညီလာခံကျရင်တော့ သားတော် နှစ်ပါးရဲ့ ကင်ပွန်းတပ်မင်္ဂလာအတွက် ညီလာခံမှာ နာမည်ရွေးရ လိမ့်မယ်။ ကျုပ်လည်း တစ်ညလုံး စဉ်းစားပြီး အဖြေမပေါ်ရင်

mgyoe.com

mgyoe.com




မင်းသမီးလေးရဲ့အရွယ်နဲ့ ရွေးချယ်ထားတဲ့နာမည်ဟာ
တစ်နန်းတော်လုံးကို အံ့အားသင့်သွားစေတတ်၏။

mgyoe.com

ညီလာခံ မတက်တော့ဘူး”

ဘဏ္ဍာတော်ထိန်း အမတ်ကလည်း စိတ်ပျက်လက်ပျက်နဲ့ ပြောသံကြောင့် သက်တော်ရှည်အမတ်ကြီးက စိတ်ပူသွားသတဲ့။

“ဟာ… ဝန်မင်း၊ ညီလာခံမတက်ဘဲတော့ မနေနဲ့ဗျို့၊ လူနည်းရင် ကျုပ်တို့ ပိုပြီး အကြိမ်းခံနေရပါမယ်ဗျာ။ ပြီးတော့ ညီလာခံကိုမလာရင် ဘုရင်က မျက်မှာဗျ”

“အင်း… ဒါလည်းဟုတ်တာပဲ”

နောက်ဆုံးတော့ ဘုရင်ကြီးရဲ့ ညီလာခံကို အမတ်တွေ စုံစုံညီညီ ရောက်ရတော့တာပေါ့။ ညီလာခံစပြီး တိုင်းရေးပြည်ရေးကိစ္စတွေ ပြီးတာနဲ့ သူ့သားတော်နှစ်ပါးအတွက် နာမည်ပေးဖို့ အမိန့်ချတော့သတဲ့။ သည်အခါမှာ ပုဏ္ဏားကြီးက သူစိတ်ကူးရတဲ့အမည်ကို လျှောက်တင်လိုက်သတဲ့။

“မှန်လှပါ၊ အရှင်မင်းကြီးရဲ့ သားတော်နှစ်ပါးဟာ အဓိပ္ပာယ်တစ်ခုတည်းကို အမည်နှစ်မျိုးပေးရမယ်ဆိုတော့ လွယ်ပါတယ်ဘုရား၊ ကျွန်တော်မျိုးကြီး စဉ်းစားလို့ရတဲ့ အမည်နှစ်မျိုးကို လျှောက်တင်ပါရစေ”

ပုဏ္ဏားတော်ကြီးက ခပ်တည်တည် ဘုရင်ကို လျှောက်လိုက်တော့ နန်းတော်ထဲကအမတ်တွေက ပုဏ္ဏားတော်ကြီးကို အထင်ကြီးသွားကြသတဲ့။

“တယ်ဟုတ်ပါလား၊ ဒါကြောင့်လည်း ပုဏ္ဏားတော်ကြီး ဖြစ်ပေတာပဲ” လို့လည်း ချီးကျူးစကားတွေ ရေရွတ်ကြသတဲ့။

ဘုရင်ကြီးကလည်း ပုဏ္ဏားတော်ကြီးရဲ့ လျှောက်တင်ချက်ကို ကြားရလို့ ဝမ်းသာသွားပြီး…

mgyoe.com

mgyoe.com


"ကဲ... လျှောက်တင်ပါဦး" လို့ ခွင့်ပြုလိုက်သတဲ့။

"မှန်လှပါ၊ သားတော်တစ်ပါးရဲ့အမည်ကို 'မောင်တို' လို့ မှည့်ပြီး နောက်တစ်ပါးကို 'မောင်ပု' လို့ မှည့်သင့်ပါတယ်ဘုရား"

"ဟေ..."

ပုဏ္ဏားတော်ကြီးရဲ့ လျှောက်တင်ချက်ကို ကြားကြရတော့ ဘုရင်ကြီး မျက်ခုံးနှစ်ဖက်ဟာ အပေါ်ကို မြင့်တက်သွားသတဲ့။ နန်းတော်ထဲကလူတွေရဲ့ မျက်နှာတွေဟာလည်း ပြုံးစိစိ ဖြစ်သွားသတဲ့။

"ဘာ့ယ်လိုကြောင့်လဲ ပြောပါဦး"

ဘုရင်ကြီးကမေးတော့ ပုဏ္ဏားတော်ကြီးက သူ ဘာကြောင့် သည်နာမည်ကို ရွေးရတယ်ဆိုတာကို ရှင်းပြသတဲ့။

"မှန်လှပါ၊ ပုတာနဲ့တိုတာဟာ စကားလုံးနှစ်လုံးဖြစ်ပေမဲ့ အဓိပ္ပာယ်ကတော့ အတူတူပါပဲ။ မရှည်တဲ့အရာကို ပုတယ်လို့ ပြောလည်းရတယ်၊ ဒါမှမဟုတ် တိုတယ်လို့ပြောရင်လည်း ရတယ် မဟုတ်လားဘုရား"

ဘုရင်ကြီးက ပုဏ္ဏားတော်ကြီးရဲ့ လျှောက်တင်ချက်ကို ကြားရတော့ ပြုံးသွားသတဲ့။

"အင်း... ပုဏ္ဏားတော်ကြီး လျှောက်တင်တဲ့နာမည်က အမိန့်တော်နဲ့တော့ ညီပါပေတယ်။ ဒါပေမဲ့ ပုတာတို့၊ တိုတာတို့ဆိုတာ မင်းသားနှစ်ပါးကို အမည်အဖြစ်ပေးလို့တော့ မကောင်းပေဘူး။ အတိတ်နိမိတ်အရလည်း မတိုးမတက် မရှည်မထွက်ဖြစ်တဲ့ သဘောဆိုတော့ ဒီနာမည်နှစ်ခုကို နှစ်သက်တော်မမူဘူး"

ဘုရင်ကြီးကလည်း စာပေကျမ်းဂန်တတ်တဲ့ မင်းဆိုတော့

mgyoe.com

အမျိုးမျိုး စဉ်းစားဉာဏ်ရှိနေတော့ အခက်တွေ့ကြရတာပေါ့။ ပုဏ္ဏားတော်ကြီးဟာလည်း ဆက်ပြီး မတင်လျှောက်ရဲတော့ ငြိမ်သက်သွားတယ်။ နန်းရင်ပြင်မှာလည်း အပ်ကျသံ ကြားရလောက်အောင် တိတ်ဆိတ်သွားပြန်သတဲ့။

"ကဲ... လျှောက်တင်ကြပါဦး၊ အမတ်ကြီးတို့အထဲက မင်းသားနှစ်ပါးနဲ့ သင့်လျော်တဲ့ အမည်ပေးနိုင်တဲ့ ပညာရှိ မရှိတော့ဘူးလား"

သက်တော်ရှည်အမတ်ကြီးကလည်း မနေသာတော့ဘဲ အခြားအမတ်တွေကိုယ်စား မျက်နှာပူပူနဲ့ လျှောက်တင်ရတော့သတဲ့။

"မှန်လှပါ၊ ဉာဏ်ပညာနဲ့ဆိုင်တဲ့ စဉ်းစားတွေးခေါ်ရမယ့်ကိစ္စတွေဟာ အချိန်များများရဖို့ လိုပါတယ်ဘုရား။ စာပေကျမ်းဂန်လည်းကြည့်ရှုရင်း ကျွန်တော်မျိုးတို့ကို ခုနစ်ရက် တစ်ပတ်လောက် အချိန်ယူပြီး စဉ်းစားရွေးချယ်ခွင့် ပေးမည်ဆိုပါက အကြံကောင်းဉာဏ်ကောင်းများ ထွက်မယ်လို့ လျှောက်တင်ဝံ့ကြောင်းပါ"

သက်တော်ရှည်အမတ်ကြီးရဲ့စကားကို ဘုရင်ကြီးက လက်ခံလိုက်သတဲ့။

"ကောင်းပေပြီ၊ အသင်အမတ်ကြီးရဲ့ စကားအတိုင်း ခုနစ်ရက်တိတိ စဉ်းစားပြီးမှ လျှောက်တင်ကြပေတော့။ ခုနစ်ရက်ပြည့်လို့မှ မလျှောက်တင်နိုင်ကြရင်တော့ အမတ်ကြီးတို့ကို အရိုက်အရာက ချရပေလိမ့်မယ်"

သက်တော်ရှည်အမတ်ကြီးဟာ သူ့စကားနဲ့သူ ဘုရင်ကြီးရဲ့အမိန့်ကို မလွန်ဆန်နိုင်အောင် ဖြစ်သွားသတဲ့။ ကျန်တဲ့ မှူးမတ်တွေကလည်း သက်တော်ရှည်အမတ်ကြီးက ခုနစ်ရက် အချိန်

mgyoe.com

mgyoe.com
တောင်းလိုက်လို့ စိတ်ထဲမှာ နည်းနည်းသက်သာရာ ရသွားကြတာပေါ့။

အခုကိစ္စက အခါတိုင်း မင်းသား၊ မင်းသမီးတွေကို ကင်ပွန်းတပ် နာမည်ပေးရတာမျိုးနဲ့ မတူဘူးမဟုတ်လား။ နာမည်နှစ်ခုကို တစ်ပြိုင်တည်းပေးရမယ်၊ ပြီးတော့ သည်နာမည်နှစ်ခုရဲ့ အဓိပ္ပာယ်ကလည်း တစ်မျိုးတည်းဖြစ်ရမယ်ဆိုတော့ ပုဏ္ဏားတော်ကြီးလို တိုတာနဲ့ပုတာတို့၊ များတာနဲ့ ပြားတာတို့တွေသာ လျှောက်ပြီး စဉ်းစားမိတာပေါ့။ တချို့ဆို ချဉ်တာနဲ့ဖြူတာတို့၊ မုန်းတာနဲ့ တီးတာတို့ စတဲ့ တလွဲတချော်တွေတောင် စဉ်းစားနေမိတော့သတဲ့။

ဒီသားတော်နှစ်ဦး အမည်ပေးရမယ့်ကိစ္စဟာ အမတ်တွေကို ငေးသူငေး၊ ငိုင်သူငိုင်၊ အိပ်မပျော် စားမဝင်အောင်တောင် ဖြစ်ပေသတဲ့။ အဲ... အဲသည်လိုနဲ့ ခြောက်ရက်မြောက်နေ့ကို ရောက်လာတော့တယ်။

ဘယ်အမတ် တစ်ပါးတလေကမှ ဆီလျော်ပြီး အဆင်ပြေတဲ့ အဓိပ္ပာယ်တူ အခေါ်ကွဲ နာမည်နှစ်မျိုးကို မရွေးနိုင်ဘူး ဖြစ်နေတော့သတဲ့။

သက်တော်ရှည်အမတ်ကြီးဟာလည်း ခြောက်ရက်မြောက်နေ့မှာ နံနက်မိုးသောက်ကနေ ထိုင်ပြီး စဉ်းစားလိုက်တာ မိုးချုပ်လို့ လရောင်သာ ထွက်လာပါရောတဲ့။ အကြံဉာဏ်မပေါ်တာနဲ့ သူ့ခေါင်းကို သူ့လက်နဲ့ ရိုက်လိုက်မိသတဲ့။

"ကဲ... ဒီလောက်တောင်ပဲ စဉ်းစားဉာဏ်တုံးဦးဟယ်"

အဲသည်လို သက်တော်ရှည်အမတ်ကြီးက သူ့ခေါင်းကို သူ့လက်နဲ့ ရိုက်လိုက်တဲ့အချိန်မှာ ထုပ်ဆီးတိုးကစားဖို့ထွက်လာတဲ့

mgyoe.com

ခြောက်နှစ်သာသာ သမီးကလေးက တွေ့သွားသတဲ့။

"ခမည်းတော်ဘုရား ဘာဖြစ်လို့ စိတ်ညစ်နေရတာလဲ"

အဲသည်အခါမှာ သက်တော်ရှည်အမတ်ကြီးက သူ့သမီးလေးကို သူရင်ဆိုင်နေရတဲ့ မင်းသားနှစ်ပါး နာမည်ရွေးဖို့ကိစ္စကို ပြောပြသတဲ့။

"ဒီလိုကိစ္စလောက်တော့ သမီးတော် တာဝန်ယူပါတယ်၊ သမီးကိုသာ ဘုရင်မင်းမြတ်ထံ ခေါ်သာသွားပါတော့"

သက်တော်ရှည်အမတ်ကြီးဟာ သူ့သမီးပြောတဲ့စကားကို မယုံကြည်ပေမဲ့ အတန်တန်ပူဆာပြောဆိုတာနဲ့ ခုနစ်ရက်မြောက်နေ့မှာ နန်းတော်ကြီးထဲကို ခေါ်သွားရတော့သတဲ့။

ဘုရင်ကြီးဟာ ထုံးစံအတိုင်း မျက်နှာထား တင်းမာနေတယ်။ သူ့ရဲ့ ပညာရှိအမတ်တွေဟာ သူ့သားတော်လေးနှစ်ပါးကို အမည်ပေးနိုင်မှာ မဟုတ်ဘူးလို့လည်း ထင်နေကြတာပေါ့။

"ဟာ... နန်းတော်ထဲကို ကလေးခေါ်လာတယ်"

"ဘယ်သူ့သမီးလေးလဲ"

"သက်တော်ရှည်အမတ်ကြီးရဲ့ ကလေးပါ"

"ဟဲ့... ကလေး ဘာလုပ်ဖို့ လိုက်လာတာလဲ"

နန်းတော်ထဲက မှူးမတ်တွေက အမျိုးမျိုး ပြောကြဆိုကြသံတွေ ထွက်လာတယ်။ ဒါပေမဲ့ သက်တော်ရှည်အမတ်ကြီးရဲ့ သမီးကလေးကတော့ ဣန္ဒြေမပျက်ဘူးတဲ့။ သူ့ကိုယ်သူ တကယ့်လူကြီးတစ်ယောက်လို မျက်နှာတည်တည်နဲ့ သက်တော်ရှည်အမတ်ကြီးရဲ့ နောက်နားကနေ ခစားနေလိုက်သတဲ့။

အချိန်တန်တဲ့အခါ ဘုရင်ကြီးက သူရဲ့ရွှယ်တူ အမွှာသား

mgyoe.com

နှစ်ပါးရဲ့အမည်ကို ကင်ပွန်းတပ်ဖို့ အမိန့်ပေးလိုက်သတဲ့။ အဲသည်အခါမှာ ဘယ်ပညာရှိအမတ်ကမှ နာမည်မပေးနိုင်တာနဲ့ သက်တော်ရှည်အမတ်ကြီးက သူ့သမီးမှာတဲ့အတိုင်း လျှောက်ထားလိုက်သတဲ့။

"မှန်လှပါ၊ ကျွန်တော်မျိုးရဲ့သမီးဟာ အရှင်မင်းကြီးရဲ့ သားတော်နှစ်ပါးအတွက် အမည်ပေးမင်္ဂလာ ပြုလုပ်နိုင်တယ်ပြောလို့ ခေါ်လာခဲ့ရပါတယ်ဘုရား"

ဘုရင်ကြီးဟာ သက်တော်ရှည်အမတ်ကြီးရဲ့ စကားကြောင့် အံ့အားသင့်သွားတယ်။ ဒါပေမဲ့ ဘယ်လိုနာမည်မျိုး ပေးမယ်ဆိုတာတော့ သိချင်နေသတဲ့။

"ဟဲ့... ဒါဆို ရှေ့ကိုတိုးခစားပြီး ငါ့သားတော်နှစ်ပါးရဲ့အမည်ကို လျှောက်တင်စေ"

သက်တော်ရှည်အမတ်ကြီးရဲ့သမီးက မကြောက်မရွံ့ ရှေ့တော်ကိုထွက်လာပြီး လျှောက်ထားတော့သတဲ့။

"အရှင်မင်းကြီးရဲ့ သားတော်နှစ်ပါးဟာ အကြီးအငယ် ခွဲလို့မရအောင် ရွယ်တူဖြစ်နေတဲ့အတွက် အဓိပ္ပာယ်တစ်မျိုးတည်းသာရှိတဲ့ အမည်နှစ်ခုကို ရွေးထားပါတယ်။ ဒီအမည်နှစ်ခုဟာ မင်္ဂလာကျက်သရေလည်းရှိ၊ အတိတ်ကောင်း နိမိတ်ကောင်းနဲ့လည်း ပြည့်စုံပြီး အရှင်မင်းကြီး နှစ်သက်တော်မူမယ့်အမည် ဖြစ်စေရမယ်လို့ သမီးတော် အာမခံရဲပါတယ်"

သက်တော်ရှည်အမတ်ကြီးရဲ့ သမီးတော်လေးဟာ ကြည်လင်ပြတ်သားတဲ့အသံနဲ့ ရဲရဲဝံ့ဝံ့ လျှောက်တင်သံကြောင့် နန်းတော်ထဲမှာ တိတ်ဆိတ်ငြိမ်သက်ပြီး လူတိုင်းလိုလို စိတ်ဝင်စားနေကြ